ပြီးခဲ့တဲ့ မတ် ၂၂ ရက်မနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ထန်းဘဲလှကျေးရွာက စစ်ဘေးရှောင်တွေကို အကြမ်းဖက်စစ်အုပ်စုတပ်က လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တာကြောင့် အသက် ၈ နှစ်အရွယ် မောင်ညဏ်ဖြိုး ကျဆုံးသွားခဲ့ပြီး အသက် ၁၃ နှစ်အရွယ် မိန်းကလေး တယောက်အပါအဝင် ၅ ယောက်လောက် ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆင်ချောင်းကျေးရွာက ကိုဆန်းကိုနိုင်ကို အကြမ်းဖက်စစ်အုပ်စုတပ်တွေက မတ် ၁၈ ရက်မှာ နေအိမ်မှာ ရိုက်နှက်ဖမ်းဆီးခဲ့ပြီး ထွက်ပြေးဖို့ကြိုးစားတယ်ဆိုကာ သေနတ်နဲ့ ခြေထောက်ကို ပစ်ခတ်ခဲ့ကြောင်း သိရပါတယ်။ အဲဒီနောက်မှာတော့ ကိုဆန်းကိုနိုင်ကို ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ခဲ့ကြောင်း သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/524039

----------------------------------------------------------------------------------------------------

## လက်ရုံးတပ် အင်ဂျင်နီယာဗိုလ်ကြီး ၁ ဦး အာဏာဖီဆန်ပြီး ပြည်သူ့ရင်ခွင်ခိုလှုံ

Published By DVB | 25 March, 2022

လက်ရုံးတပ်တခုမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ စစ်အင်ဂျင်နီယာကျောင်းဆင်း ဗိုလ်ကြီးတယောက်ဟာ ပြည်သူ့ပန်းတိုင်အဖွဲ့နဲ့ ချိတ်ဆက်ကာ ပြီးခဲ့တဲ့ မတ် ၃ ရက်က အာဏာဖီဆန် CDM ပြုလုပ်ကာ ပြည်သူ့ရင်ခွင် ခိုလှုံလာခဲ့ပြီး လက်ရှိမှာတော့ သူဟာ ဘေးကင်းရာ လွတ်မြောက်နယ်မြေဒေသတခုကို ရောက်ရှိနေပြီလို့ သိရပါတယ်။

ဗိုလ်ကြီးအံ့ကျော် (တော်လှန်ရေးအမည်လွှဲ)က "ပြည်သူလူထုကို အားနာမိလို့ CDM ပြုလုပ်ဖို့ မနှစ်ကတည်းက အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ စစ်ကောင်စီရဲ့ လုပ်ရပ်တွေဟာ ပြည်သူတွေအပေါ်နဲ့ တပ်မတော်သားတွေအပေါ်ရော တကယ်ကို တရားမျှတမှု မရှိပါဘူး။ ဒါကြောင့် တော်လှန်ရေးမှာ ပါဝင်ဖို့ စစ်ကောင်စီတပ်ကို စွန့်ခွာခဲ့ပါပြီ။ ပြည်သူအားလုံးပါဝင်နေလို့ ဒီတော်လှန်ရေးဟာ မုချ အောင်မြင်မယ်ဆိုတာ သိပါတယ်။ ရှေ့ဆက်ပြီး ပြည်သူ့ပန်းတိုင်အဖွဲ့နဲ့အတူ တတ်စွမ်းသမျှ တော်လှန်ရေးမှာ ပါဝင်သွားပါ့မယ်။" လို့ ပြောပါတယ်။

ပြည်သူ့ပန်းတိုင်အဖွဲ့ကိုတော့ အရင်ကပြည်သူ့စစ်သား - People's Soldiers အဖွဲ့မှာ ပါဝင်ခဲ့တဲ့ ပြည်သူတွေရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့အခြေပြုအဖွဲ့အစည်းအနေနဲ့ ပြောင်းလဲဖွဲ့စည်းထားပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လက်ရှိမှာတော့ ပြည်သူလူထုကို အကြမ်းဖက်သတ်ဖြတ်နေတဲ့ စစ်ကောင်စီရဲ့ လုပ်ရပ်တွေကို မလိုလား မနှစ်မြို့ကြတဲ့ အရာရှိ၊ စစ်သည်တွေ၊ ရဲတပ်သားတွေဟာ သူတို့ရဲ့ ဂုဏ်သိက္ခာ၊ မျိုးဆက်တွေရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရယူဖို့ စစ်အာဏာရှင်ရဲ့ လက်ကိုင်တုတ်အဖြစ်က ရုန်းထွက်ပြီး ပြည်သူ့ဘက် ကူးပြောင်းရပ်တည်လာတာ တဖြည်းဖြည်း များပြားလာနေပါတယ်။

တပ်မတော်ကို အလွဲသုံးစားပြုလုပ်နေတဲ့ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တစုရဲ့ လက်ကိုင်တုတ် ခါးပိုက်ဆောင်တပ်အဖြစ်မှ ရုန်းထွက်ပြီး ပြည်သူ့ရင်ခွင် အမြန်ဆုံးခိုဝင်ကြဖို့ တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က  တိုက်တွန်းနှိုးဆော်ထားပါတယ်။

စစ်အာဏာသိမ်းကာလ ၁ နှစ်ကျော်အတွင်း CDM လှုပ်ရှားမှုမှာ ပါဝင်လာသူတွေနဲ့  ပြည်သူ့ ရင်ခွင်ခိုလှုံလာတဲ့ တပ်မတော်သားတွေလည်း ထောင်နဲ့ချီ ရှိလာနေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် အင်အားကြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဖြစ်ကြတဲ့ ကချင်လွတ် မြောက်ရေးတပ်မတော် (ကေအိုင်အေ)နဲ့ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တို့လို အဖွဲ့အစည်းတွေကလည်း စစ်အာဏာရှင်ဆန့်ကျင်ကာ ပူးပေါင်းလိုတဲ့ ရှေ့တန်းရောက် မြန်မာ့တပ်မတော်သားတွေ၊ ရဲတပ်သားတွေကို လက်ကမ်းကြိုဆိုနေကြပါတယ်။

https://burmese.dvb.no/archives/524151

-----------------------------------------------------------------------------------------------

## CDM ဝန်ထမ်းများကို ရာနှုန်းပြည့် ထောက်ပံ့နိုင်ရန် အလှူရှင်အက်ပလီကေးရှင်း မိတ်ဆက်

Published By DVB | 25 March, 2022

တော်လှန်ရေးသူရဲကောင်း CDM ဝန်ထမ်းတွေကို ရာနှုန်းပြည့် ထောက်ပံ့ကူညီနိုင်ဖို့အတွက် အလှူရှင်အက်ပလီကေးရှင်း (Ahlu Shin App) ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) မှာ ဖွဲ့စည်းထားတဲ့ ပြည်သူ့ရေးရာကော်မတီက မိတ်ဆက်ထားပါတယ်။

တော်လှန်ရေး အောင်မြင်နိုင်ဖို့အတွက် ရာထူး၊ အာဏာ၊ လုပ်ပိုင်ခွင့်၊ နေရာဌာန အားလုံးကို စွန့်လွှတ်အနစ်နာခံပေးခဲ့ကြတဲ့ ပြည်သူ့ဝန်ထမ်း (CDMer) တွေရဲ့ စားဝတ်နေရေး ခက်ခဲကျပ်တည်းလာမှုအပေါ် ကူညီထောက်ပံ့ပေးနိုင်ဖို့ ရည်ရွယ်ပြီး ဒီအက်ပ်ကနေ ရရှိလာတဲ့ ကြော်ငြာခ ၁၀၀ ရာခိုင်နှုန်းကို CDM ဝန်ထမ်းတွေကို ထောက်ပံ့ပေးသွားမယ်လို့ ဆိုပါတယ်။

ဒီအက်ပလီကေးရှင်းမှာတော့ သတင်း၊ စာပေ၊ ရုပ်ရှင်နဲ့ တိုက်ရိုက်ထုတ်လွှင့်မှုဆိုပြီး ကဏ္ဍ ၄ ခုပါဝင်ပြီး ပြည်သူတွေအနေနဲ့ ကြိုက်နှစ်သက်ရာ ရွေးချယ်ပြီး အထောက်အပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။

လက်ရှိမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက် သတ်ဖြတ်နေတာတွေကို မြန်မာပြည်သူလူထု တရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြပြီး နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင် ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

မြန်မာနိုင်ငံမှာ အကြမ်းဖက်စစ်ကောင်စီက မတရား အာဏာသိမ်းယူခဲ့တဲ့ ကာလဟာ တနှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကာ ဒီကာလတွေအတွင်း နိုင်ငံရေး မတည်ငြိမ်မှုတွေနဲ့အတူ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍတွေအသီးသီးမှာ အဘက်ဘက်က ကျဆင်းနေခဲ့တာပါ။

ဒ့ါအပြင် မြန်မာ့ငွေဦးတော်လှန်ရေး စတင်ချိန်ကတည်းက အမှန်တရားဘက်ကနေ ရပ်တည်ပြီး စစ်အာဏာရှင် ယန္တရား ပျက်ပြားစေဖို့ ဆန့်ကျင်တိုက်ပွဲဝင်နေခဲ့ကြတဲ့ CDM ပြည်သူ့ဝန်ထမ်းတွေဟာလည်း ခုချိန်တိုင်အောင် အခက်အခဲတွေကြားကနေ ပါဝင်နေကြဆဲ ဖြစ်တာမို့ အားလုံးက ဝိုင်းဝန်းကူညီကြဖို့ လိုအပ်နေတာပါ။

အလှူရှင်အက်ပလီကေးရှင်း (Ahlu Shin App) ကို ဒေါင်းလုပ်ရယူလိုတယ် ဆိုရင်တော့ ဖော်ပြပါလင့်ခ်ကနေတဆင့် ရယူပြီး တော်လှန်ရေးမှာ တထောင့်တနေရာကနေ ပါဝင်နိုင်မှာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/524198

---------------------------------------------------------------------------------------------------

## ထောင်တွင်းအကြမ်းဖက်မှုများ စစ်ဆေးပေးရန် ICRC ကို တောင်းဆို

By ဧရာဝတီ | 25 March 2022

ဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများအပေါ် ထောင်တွင်း ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း များကို စစ်ဆေးပေးရန် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း (ICRC) ကို တော်လှန်ရေးအင်အားစုများ စုပေါင်းပြီး တိုက်တွန်းတောင်းဆိုလိုက်သည်။

LGBT Alliance Myanmar မှ ဦးဆောင်၍ မိတ်ဖက် ၁၈ ဖွဲ့က ဖမ်းခံထားရသည့် အမျိုးသမီးများ၊ လိင်စိတ်ခံယူ ကွဲပြား သူ (LGBTIQ) များနှင့် အမျိုးသားများအပေါ် လိင်ပိုင်းဆိုင်ရာ အပါအဝင် အကြမ်းဖက်မှုများ လုပ်ဆောင်နေခြင်း ကို အမြန်ဆုံး ရပ်တန့်သွားရန် ICRC အနေဖြင့် ဝင်ရောက်စစ်ဆေးဖို့ တောင်းဆိုရခြင်းဖြစ်ကြောင်းဆိုသည်။

LGBT Alliance Myanmar မှ N Shar Sit Zaw က "အကြမ်းဖက် စစ်အုပ်စုကတော့ ဒီလို အကြမ်းဖက်ကိစ္စတွေကို ဆက်ပြီးတော့ လုပ်နေအုံးမှာပဲ။ ဒါပေမဲ့ ဘက်ပေါင်းစုံက ဖိအားရှိနေရင် ထောင်ထဲက ရဲဘော်တွေအပေါ် အကြမ်းဖက် မှုတွေ လျော့ပါးသွားပြီးတော့ ထောင်ထဲမှာရတဲ့ အခွင့်အရေးကို အပြည့်အဝရအောင် အပြင်မှာရှိတဲ့လူတွေက ကူညီ နိုင်တာ ကူညီပေးတဲ့သဘောပေါ့" ဟု ဧရာဝတီသို့ ပြောသည်။

အဆိုပါ တောင်းဆိုမှုအတွက် "သံတိုင်နောက်မှ အလင်းတစ" "ထောင်တွင်းအကြမ်းဖက်မှုရပ်တန့်ဖို့ ICRC ကို တွန်းကြစို့" ဟူသည့် ခေါင်းစဥ်ဖြင့် ကမ်ပိန်းလှုပ်ရှားမှု တခုကိုလည်း ၂ ပတ်ကြာ ပြုလုပ်သွားမည် ဖြစ်ကြောင်း လူမှုကွန် ရက်စာမျက်နှာတွင် လှုံ့ဆော်လျက် ရှိသည်။

ထောင်တွင်း ရဲဘော်များအပေါ် အကြမ်းဖက်ဖိနှိပ်မှုများ ရပ်တန့်ပေးရန်နှင့် ယင်းဖြစ်ရပ်များအတွက် လိုအပ်သော စစ်ဆေးမှုများကို အမြန်ဆုံးပြုလုပ်ပေးနိုင်ရန် ICRC အပါအဝင် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများကပါ ဝိုင်းဝန်း ဖိအားပေးတောင်းဆိုနိုင်ရန် ပြည်သူ့လက်မှတ် ၂ သိန်းကျော် လိုအပ်လျက် ရှိကြောင်းလည်း သိရသည်။

ယင်းကမ်ပိန်း ဦးဆောင်ကော်မတီတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ လူငယ်ရေးရာဌာန၊ အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ လိင်စိတ်ခံယူမှုကွဲပြားသူများကွန်ရက်တို့ ပါဝင်ပြီး လိင်စိတ်ခံယူမှု ကွဲပြား သူများသမဂ္ဂ-မန္တလေး၊ ပြည်ကြီးတံခွန်သပိတ်အင်အားစု-မန္တလေး၊ အောင်မြေသာစံပညာရေးကျောင်းပေါင်း စုံသပိတ်၊ LGBT Community Yangon၊ LGBT Alliance Myanmar စသည့် တော်လှန်ရေးအင်အားစုများလည်း ပူးပေါင်း ပါဝင်ကြောင်း သိရသည်။

ပြည်သူများထံမှ ကောက်ခံမည့် အဆိုပါ လက်မှတ်များမှာ ထောင်တွင်းမှ လူ့ဂုဏ်သိက္ခာနှင့်မညီသည့် ဆက်ဆံခံရမှု များကြောင့် တောင်းဆိုတိုက်ပွဲဝင်နေရသည့် နိုင်ငံရေးအကျဉ်းသားများအတွက် အင်အားတခု ဖြစ်စေမည်ဟုလည်း ကမ်ပိန်းလှုပ်ရှားသူများက ဆိုသည်။

ရန်ကုန်မြို့တွင်း တော်လှန်ရေးအင်အားစုတခုမှ လူငယ်တဦးက "ကျနော်တို့ ပြန်ကြားရတာ LGBT တွေဆိုရင် တိုင်မှာ ကြိုးတုပ်၊ အင်္ကျီချွတ်ပြီးတော့ သူတို့ရဲ့ လိင်အင်္ဂါကို မကောင်းတဲ့စကားလုံးတွေ ပြောဆိုပြီး ကြိမ်လုံးနဲ့ ရိုက်တယ်။ အခြောက်တွေ ဘာညာပြောပြီးတော့ အဓမ္မပြုကျင့်တယ် ဆိုတဲ့အထိပါ ပြန်ကြားရတယ်။ အမျိုးသမီးတွေ ဆိုရင်လည်း သူတို့ရဲ့ လိင်အင်္ဂါကို စစ်ဖိနပ်နဲ့ တက်နင်းတဲ့အထိ ပြန်ကြားရတယ်" ဟု ပြောသည်။

ထို့ပြင် စစ်ကောင်စီ လက်အောက်ခံ ထောင်အာဏာပိုင်များသည် ထောင်တွင်း တောင်းဆိုတိုက်ပွဲဝင်သူများအား တိုက်ပိတ်ခြင်း၊ ထောင်ဝင်စာပိတ်ခြင်း၊ ရာဇဝတ်အကျဉ်းသားများအား ရိုက်နှက်စေခြင်း၊ ရိုက်နှက်ခံရသည့် ဒဏ်ရာများ အား ဆေးဝါးကုသခွင့် မပေးခြင်း စသည်ဖြင့်လည်း နှိပ်ကွပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ကလည်း မြန်မာတနိုင်ငံလုံး အနေဖြင့် လူ့အခွင့် အရေး ချိုးဖောက်ခံနေရသော်လည်း လူမသိသူမသိ ချိုးဖောက်ခံနေရသည့်နေရာမှာ အကျဉ်းထောင် ဖြစ်ကြောင်း၊ စစ်အာဏာရှင် ဆန့်ကျင်ရေးတွင်ပါဝင်၍ အကျဉ်းထောင်ထဲ ရောက်နေကြသူများကို စစ်ကောင်စီ လက်ပါးစေ ထောင် အာဏာပိုင်များက နည်းမျိုးစုံဖြင့် ညှဉ်းပန်းနေကြောင်း အသိပေးထုတ်ပြန်ထားသည်။

ထို့အတွက်ကြောင့် ICRC အနေဖြင့် ထောင်အတွင်း ဝင်ရောက်စစ်ဆေးကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ပေးရန် ဖိအားပေး တောင်းဆိုကြရခြင်း ဖြစ်ကြောင်း တော်လှန်ရေးအင်အားစုများက ဆိုသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း (ICRC) အနေဖြင့် အကျဉ်းထောင်များအတွင်း သွားရောက် လေ့လာခွင့်ရရန် စစ်ကောင်စီနှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့သော်လည်း ခွင့်ပြုချက်မရကြောင်း ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ထုတ် ပြန်ထားသည်။

ICRC သည် ၂၀၂၀ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်းမှ စတင်ကာ မြန်မာနိုင်ငံတဝှမ်းရှိ အကျဉ်းထောင်များသို့ သွားရောက်လေ့လာမှုကို ရပ်နားထားခဲ့ရသည်ဟုလည်း သိရသည်။

ပြီးခဲ့သည့် မတ် ၂၂ ရက်က ICRC ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Stephan Sakalian သည် အာဏာ သိမ်း စစ်ကောင်စီ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့ကြောင်း စစ်ကောင်စီ မီဒီယာများက သတင်းဖော်ပြထားသည်။

ထိုသို့ တွေ့ဆုံစဉ် ICRC က ပေးအပ်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် မြန်မာနိုင်ငံ နှင့် ICRC ကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရှိသည့် နယ်ပယ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်ဟုသာ သတင်းထုတ်ပြန်ထားပြီး အကျဉ်းထောင်ကိစ္စနှင့် ပတ်သက်၍ တစုံတရာ ထုတ်ပြန်ပြောဆိုထားခြင်း မရှိပေ။

https://burma.irrawaddy.com/news/2022/03/25/250880.html

----------------------------------------------------------------------------------------------------

## ရုရှားစစ်ပွဲက စစ်ကောင်စီ လက်နက်ရှာရ ခက်အောင်ဖန်

By Bertil Lintner | 25 March 2022

ရုရှားက ယူကရိန်းကို ဗုံးကြဲတိုက်ခိုက်မှုများ အရှိန်မြင့် လုပ်ဆောင်နေချိန်တွင် အာဏာသိမ်း စစ်ကောင်စီက တဘက်၊ ဒီမိုကရေစီလိုလားသည့် ခုခံရေးတပ်ဖွဲ့များနှင့် သက်တမ်းရှည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက တဘက် ဖြစ်ပွားနေသော မြန်မာ့ပြည်တွင်းစစ်တွင် ကြချသည့် ဗုံးအရေအတွက် နည်းလာနိုင်သည်။

မြန်မာတနိုင်ငံလုံး မှိုလိုပေါက်လာသော ပဋိပက္ခတွင် စစ်ကောင်စီဆန့်ကျင်ရေး တိုက်ခိုက်ရေးသမားများနှင့် အရပ်သားပြည်သူများကို သတ်ဖြတ်ရန် မြန်မာစစ်အုပ်စုသို့ စစ်လက်နက်ပစ္စည်းများ၊ ပြည်ပမှ

တင်သွင်းလာသော စစ်လက်နက်များ ရောင်းချသည့် အဓိက နိုင်ငံများတွင် ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံလုံး ပါဝင်ကြသည်။

သို့သော် ထိုလက်နက်စီးဆင်းမှုသည် ယူကရိန်းတွင် အရှိန်မြင့်လာသော စစ်ကြောင့် နေးကွေးလျော့နည်း သို့မဟုတ် လုံးဝ ရပ်ဆိုင်းသွားနိုင်သည်။ ယင်းသည် မြန်မာပြည်တွင်းစစ် လမ်းကြောင်းနှင့် ရလဒ်ကို သိသိသာသာ သက်ရောက်မှု ရှိနိုင်သည့် ပထဝီနိုင်ငံရေးလိုင်းဂယက် သက်ရောက်မှုဖြစ်သည်။

*လက်နက်စီးဆင်းမှုသည် ယူကရိန်းတွင် အရှိန်မြင့်လာသော စစ်ကြောင့် နေးကွေးလျော့နည်း သို့မဟုတ် လုံးဝ ရပ်ဆိုင်းသွားနိုင်သည်။ ယင်းသည် မြန်မာပြည်တွင်းစစ် လမ်းကြောင်းနှင့် ရလဒ်ကို သိသိသာသာ သက်ရောက်မှု ရှိနိုင်သည့် ပထဝီနိုင်ငံရေးလိုင်းဂယက် သက်ရောက်မှုဖြစ်သည်။*

ရုရှားနိုင်လျှင် မော်စကိုသည် ယူကရိန်း စစ်လက်နက်များကို ဖျက်သိမ်းရန် အလျင်အမြန် လုပ်ဆောင်နိုင်သောကြောင့် ယူကရိန်း၏ ဝင်ငွေရှာသည့် လက်နက်တင်ပို့သော လုပ်ငန်းသည် ရုတ်တရက် ရပ်ဆိုင်းသွားမည် ဖြစ်သည်။

ရုရှားကျူးကျော်မှု မအောင်မြင်ပါက ယူကရိန်း၏ ဒီမိုကရက်တစ်အစိုးရသည် လက်နက်ရောင်းချခြင်းဖြင့် မြန်မာမှ ရက်စက်ကြမ်းကြုတ်သော စစ်အာဏာရှင်စနစ်ကို ထောက်ခံနေသည်ဟု အမြင်ခံလိုမည် မဟုတ်ပေ။ အထူးသဖြင့် အနောက်နိုင်ငံများက ကီယက်ဗ်ကို မကြာသေးမီက ထောက်ခံ စာနာမှု ပြသခဲ့ပြီးနောက် ထိုသို့ အမြင်ခံလိုမည် မဟုတ်ပေ။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်က ယူကရိန်းရှိ ချူဂူရက်မြို့သို့ ရုရှားပုံးကြဲချမှုကြောင့် မီးလောင်နေသော အဆောက်အဦတခုကို မီးသတ်တပ်ဖွဲ့က ငြိမ်းသတ်နေစဉ် / Fox News

တချိန်တည်းတွင် လက်နက်အတွက် ငွေပေးချေမှုများသည် ယခုအခါ အနောက်နိုင်ငံများက အရေးယူ ပိတ်ဆို့ထားသည့် ရုရှားဘဏ်များမှတဆင့် ပြုလုပ်ရမည် ဖြစ်သောကြောင့် ရုရှားနှင့် အနာဂတ် စစ်ရေး ပူးပေါင်းဆောင်ရွက်မှုသည် အကြီးအကျယ် အဟန့်အတား ဖြစ်သွားမည်။

မတ်လ ၂ ရက်နေ့တွင် အဓိကကျသည့် ရုရှားဘဏ် ၇ ခုကို SWIFT ကြေးနန်းငွေလွှဲပြောင်းမှုစနစ်မှ ဖယ်ထုတ်လိုက်ပြီး စွမ်းအင်ဆိုင်ရာ ငွေပေးချေမှုများကို ကိုင်တွယ်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းများကိုသာ ခြွင်းချက်ဖြင့် ခွင့်ပြုသည်။

*မော်စကိုရှိ ၎င်း၏ မဟာမိတ်နှင့် ကျေးဇူးရှင်ကြီးများကို မျက်နှာချိုသွေးရန် စိတ်ထက်သန်နေသော မြန်မာစစ်ကောင်စီကမူ ရုရှားကျူးကျော်စစ်ကို ပြောင်ကျကျ ထောက်ခံသည်။*

မတ်လ ၁ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအနက် ၁၄၁ နိုင်ငံတို့သည် ရုရှားက ယူကရိန်းကို ကျူးကျော်တိုက်ခိုက်ခြင်းအပေါ် ပြစ်တင်ရှုတ်ချသည်။ နိုင်ငံပေါင်း ၃၅ နိုင်ငံက မဲမပေးဘဲနေပြီး ဘယ်လာရုစ်၊ မြောက်ကိုရီးယား၊ အီရီထရီးယားနှင့် ဆီးရီးယားတို့ကသာ ရုရှားကို ထောက်ခံပြီး ထိုဆုံးဖြတ်ချက်ကို ကန့်ကွက်ကြသည်။

မြန်မာက အဆိုပါ ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်ကို ထောက်ခံပြီး ထိုသို့ရှုတ်ချနိုင်ခြင်းမှာ အာဏာမသိမ်းမီ ဒေါ်အောင်ဆန်းစုကြည် အစိုးရ ခန့်အပ်ထားသည့် ဦးကျော်မိုးထွန်းက မြန်မာနိုင်ငံကို ဆက်လက် ကိုယ်စားပြုနေသောကြောင့်သာ ဖြစ်သည်။

မော်စကိုရှိ ၎င်း၏ မဟာမိတ်နှင့် ကျေးဇူးရှင်ကြီးများကို မျက်နှာချိုသွေးရန် စိတ်ထက်သန်နေသော မြန်မာစစ်ကောင်စီကမူ ရုရှားကျူးကျော်စစ်ကို ပြောင်ကျကျ ထောက်ခံသည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် စစ်ကောင်စီအာဘော် မြန်မာ့အလင်းသတင်းစာတွင် "မြင့်မြတ်" ကလောင်အမည်ဖြင့် စာရေးသူတဦးက "မကျေညက်တဲ့ အတိတ်သမိုင်းနှင့်အတူ ယူကရိန်းကပေးတဲ့ သင်ခန်းစာ" အမည်ရှိ နှစ်မျက်နှာ ဆောင်းပါးကို ရေးသားသည်။

ရုရှားကျူးကျော်မှု စတင်ပြီး ၃ ရက်အကြာတွင် ဖော်ပြသည့် ထိုဆောင်းပါးက ယူကရိန်း သမ္မတ ဗိုလိုဒီမာ ဇယ်လန်စကီးကို အနောက်နိုင်ငံများ၏ "ကြိုးဆွဲရာက ရုပ်သေးရုပ် ဖြစ်ရတဲ့ ခေါင်းဆောင်" အဖြစ် စွပ်စွဲပြီး ရုရှားအာဏာရှင် ဗလာဒီမာ ပူတင်ကိုမူ "ဉာဏ်ပညာအမြော်အမြင်နဲ့ ရှေ့ကို ကြိုမြင်ပြီး ကိုယ့်ရဲ့ ခွန်အားနဲ့ စစ်ရေး၊ စီးပွားရေးအင်အားကို သိုသိုသိပ်သိပ် ကြိုပြီး တည်ဆောက်ထားတဲ့ ခေါင်းဆောင်" အဖြစ် ချီးကျူးသည်။

၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား / Agencies

စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက VOA မြန်မာပိုင်း အစီအစဉ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ရုရှားကျူးကျော်မှုကို ထောက်ခံကြောင်း ပြောကြားပြီး ၂ ရက်အကြာတွင် ထိုဆောင်းပါးကို ဖော်ပြခြင်း ဖြစ်သည်။ ထိုတွေ့ဆုံမေးမြန်းခန်းတွင် စစ်ကောင်စီပြောခွင့်ရသူက ပထမအချက်မှာ ရုရှသည် ၎င်း၏ အချုပ်အခြာအာဏာကို ခိုင်မာအောင် လုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ထိုအချက်သည် လုပ်သင့်သည့်အချက် ဖြစ်ကြောင်းပြောပြီး ဒုတိယအချက်မှာ ရုရှားသည် အင်အားကြီးနိုင်ငံဖြစ်ကြောင်း ကမ္ဘာကို ပြသလိုက်ခြင်း ဖြစ်သည်ဟု ပြောသည်။

*ထိုတိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေး ရဟတ်ယာဉ်များကို လှုပ်ရှားနေသည့် ခုခံရေးအင်အားစုများရှိရာ ဒေသများတွင် တိုက်ခိုက်ရန် မကြာသေးမီက အသုံးပြုသော်လည်း မကြာခဏဆိုသလို အရပ်ဘက် ပစ်မှတ်များကိုသာ ထိမှန်နေသည်။*

ရုရှားဘာသာဖြင့်လည်း ထုတ်ပြန်သည့် တရားဝင် သီးခြားကြေညာချက်တွင်မူ စစ်ကောင်စီပြောခွင့်ရသူက သမ္မတ ပူတင်၏ စစ်တပ်သည် ၎င်းတို့နိုင်ငံ အချုပ်အခြာအာဏာ တည်တံ့ရေးအတွက် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်သည်ဟုပင် ဆက်လက် ဖော်ပြလိုက်သေးသည်။

သေချာသောအချက်မှာ နေပြည်တော်သည် မော်စကိုဘက်မှလိုက်ရန် သေနင်္ဂဗျူဟာ အကြောင်းရင်း ရှိသည် ဆိုသည့်အချက် ဖြစ်သည်။ မြန်မာစစ်အုပ်စု၏ အတိတ်က တရုတ်အပေါ် အကြီးအကျယ် မှီခိုနေရမှုကို ချိန်ညှိရန် အားထုတ်မှုအဖြစ် မကြာသေးမီနှစ်များအတွင်း ရုရှားက မြန်မာသို့ လက်နက်တင်ပို့မှုသည် သိသိသာသာ တိုးလာသည်။ ထိုသို့တရုတ်အပေါ် မှီခိုရခြင်းသည် အမျိုးသားအချုပ်အခြာအာဏာကို ထိခိုက်စေသည်ဟု ထိပ်တန်းစစ်အရာရှိများက ယူဆကြသည်။

ရုရှားသည် မြန်မာစစ်အုပ်စုကို MiG-29 ဂျက်တိုက်လေယာဉ်များ၊ Hind Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များ၊ Yak-130 မြေပြင်တိုက်ခိုက်ရေး လေယာဉ်များနှင့် အပေါ့စား သံချပ်ကာယာဉ်များ ရောင်းချပေးသည်။ ထိုတိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေး ရဟတ်ယာဉ်များကို လှုပ်ရှားနေသည့် ခုခံရေးအင်အားစုများရှိရာ ဒေသများတွင် တိုက်ခိုက်ရန် မကြာသေးမီက အသုံးပြုသော်လည်း မကြာခဏဆိုသလို အရပ်ဘက် ပစ်မှတ်များကိုသာ ထိမှန်နေသည်။

၁၉၉၀ ပြည့်နှစ်များမှ စတင်ပြီး မြန်မာစစ်အရာရှိနှင့် စစ်တပ် ပညာရှင် ၇,၀၀၀ ကျော်ကို ရုရှားတွင် လေ့ကျင့်ပေးခဲ့သည်။ ၎င်းတို့သည် မော်စကိုရှိ Omsk Armour Engineering Institute ၊ Air Force Engineering Academy နှင့် Nizhniy Novgorod Command Academy ၊ Kazan Military Command Academy တို့တွင် လေ့ကျင့်သင်တန်းပေးသည်။

အချို့သည် ရုရှားလေတပ်တွင်ပင် အရာရှိလောင်းများအဖြစ် တာဝန်ထမ်းဆောင်ပြီး ယခု မြန်မာတွင်ရောက်နေသော မော်စကိုလုပ် စစ်လက်နက်ပစ္စည်းများနှင့် ပတ်သက်ပြီး လေ့ကျင့်ပေးရန် လုပ်ဆောင်ကြသည်။

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့က ရုရှားနိုင်ငံ၊ မော်စကိုတွင် ကျင်းပသော ၉ ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေး မော်စကို ညီလာခံသို့ တက်ရောက်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် / AFP

Stockholm International Peace Institute ၏ အဆိုအရ မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးသည့် ဆယ်စုနှစ်အတွင်း ရုရှားလုပ် စစ်လက်နက်ပစ္စည်း အမေရိကန် ဒေါ်လာ ၈၀၇ သန်းဖိုး ဝယ်ယူကြောင်း

သိရသည်။ ထိုစာရင်းသည် လတ်တလော ပြုစုထားသည့် စာရင်းများအနက် နောက်အကျဆုံး စာရင်းဖြစ်သည်။ လက်နက်ဝယ်ယူသည့် ကုန်ကျစရိတ် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအနက် ကျန်ငွေများကို အဓိကအားဖြင့် တရုတ်ထံမှ လက်နက်ဝယ်ယူရန် သုံးကြောင်း သိရသည်။

*စစ်ကောင်စီခေါင်းဆောင်သည် ရိုဟင်ဂျာများကို လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် မြန်မာ့ဒီမိုကရေစီတပိုင်း စနစ်ကို ဖျက်သိမ်းမှု ကျူးလွန်ရာတွင် သူ၏ ဦးဆောင်မှုအတွက် အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူများက ပြစ်တင်ရှုတ်ချနေချိန်တွင် ရုရှားနိုင်ငံက ဂုဏ်ပြုခြင်းဖြစ်သည်။*

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုမတိုင်မီ ရက်ပိုင်းအလိုတွင် ရုရှားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဆာဂျီ ရှွိုင်ဂူသည် ရုရှားလုပ် ရေဒါကိရိယာများ၊ Pantsir-S1 မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည် စနစ်များနှင့် Orlan-10E မောင်းသူမဲ့ ထောက်လှမ်းရေး လေယာဉ်များ ပေးပို့ရေး ပြင်ဆင်မှုများ အချောသတ်ရန် မြန်မာသို့ လာရောက်သည်။

လွန်ခဲ့သော မတ်လ ၂၇ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် တပ်မတော်နေ့ အခမ်းအနားသို့ ရုရှား ဒု ကာကွယ်ရေးဝန်ကြီး မစ္စတာ အလက်ဇန္ဒား ဖိုမင် တက်ရောက်ခြင်းသည် နှစ်ဘက်အကြား နီးကပ်သော ဆက်ဆံရေးကို ပြသသည့် ထင်ရှားသော လက္ခဏာဖြစ်သည်။ အာဏာသိမ်းပြီးနောက် ထိုဆက်ဆံရေး အားနည်းသွားခြင်း မရှိဘဲ ပိုမိုပင် ခိုင်မာလာသည်။

၂၀၂၁ ခုနှစ်၊ ဇွန်လတွင် စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မော်စကိုသို့ သွားရောက်လည်ပတ်ပြီး ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏ စစ်တက္ကသိုလ်တွင် ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ ရယူသည်။

စစ်ကောင်စီခေါင်းဆောင်သည် ရိုဟင်ဂျာများကို လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် မြန်မာ့ဒီမိုကရေစီတပိုင်း စနစ်ကို ဖျက်သိမ်းမှု ကျူးလွန်ရာတွင် သူ၏ ဦးဆောင်မှုအတွက် အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူများက ပြစ်တင်ရှုတ်ချနေချိန်တွင် ရုရှားနိုင်ငံက ထိုသို့ ဂုဏ်ပြုခြင်းဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို မော်စကိုက ကြိုဆိုနေသည်မှာ နှစ်များစွာ ကြာပြီဖြစ်သည်။ ၂၀၁၃ ခုနှစ် ဇွန်လတွင် မြန်မာစစ်အုပ်စုခေါင်းဆောင်သည် လက်နက်ရောင်းချမှုများနှင့် မြန်မာအစိုးရ မီဒီယာများ၏ တရားဝင် ဖော်ပြချက်အရ အပြန်အလှန် အကျိုးစီးပွားများကို ဆွေးနွေးရန် ဗိုလ်ချုပ်ကြီး ရှွိုင်ဂူ၏ ဖိတ်ကြားချက်အရ မော်စကိုသို့ သွားရောက်သည်။

၂၀၁၆ ခုနှစ် ဇွန်လက နောက်တကြိမ် သွားရောက်သောအခါတွင် ရုရှားနှင့် မြန်မာနိုင်ငံတို့သည် စစ်ရေးပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး ထိုသဘောတူညီချက်သည် "ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး" အတွက် လမ်းဖွင့်ပေးကာ "ရုရှားနှင့် မြန်မာ လက်နက်ကိုင်တပ်များ၏ ထိုးစစ်ဆင်ရန် အသင့်ရှိမှုကို တောင့်တင်းစေရေး အရာရာကို လုပ်ဆောင်ပေးရန် လုံလောက်သော သဘောတူညီချက်ဖြစ်သည်" ဟု ရုရှား Tass သတင်းဌာနက ဖော်ပြသည်။

သေချာသောအချက်မှာ ယူကရိန်းက မြန်မာသို့ လက်နက်တင်ပို့မှုသည် ရုရှားလောက် များပြားခြင်း မရှိသည့်အချက် ဖြစ်သည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော အချက်အလက် ရှာဖွေရေးအဖွဲ့ (IIFFM) ၏ အဆိုအရ ယူကရိန်းသည် ၂၀၁၅ ခုနှစ်မှ စတင်ပြီး မြန်မာသို့ BTR-4 တပ်ဖွဲ့တင် သံချပ်ကာယာဉ်များ၊ MMT-40 တင့်ကား အသေးစားများနှင့် 2SIU အလိုအလျောက်ပစ် ဟောင်ဝစ်ဇာ အမြောက်များကို ရောင်းချကြောင်း သိရသည်။

*မြန်မာစစ်အုပ်စုသည် မော်စကိုတွင် သင်တန်းစေလွှတ်ထားသော ဗိုလ်များအားလုံးကို ဆက်လက် ထားရှိရေး ငွေပေးရန် နည်းလမ်းရှာနိုင်၊ မရှာနိုင်ကို မေးခွန်းထုတ်စရာ ဖြစ်လာပြီး ပိုမိုအရေးပါသော မေးခွန်းမှာ ရုရှားလုပ် စစ်လက်နက်ပစ္စည်း ကိရိယာများအတွက် အပိုပစ္စည်းများနှင့် ခဲယမ်းများအတွက် မည်သို့ ငွေပေးချေမည်နည်းဆိုသည့် မေးခွန်းဖြစ်သည်။*

ယူကရိန်းသည် မြန်မာကာကွယ်ရေး ပစ္စည်းစက်ရုံများနှင့် ပူးတွဲထုတ်လုပ်ရေး လုပ်ငန်းများလုပ်ရန်လည်း ကြိုးစားနေသည်။

လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု မတိုင်မီနှင့်နောက်ပိုင်းတွင် ယူကရိန်းလုပ် BTR-4s သံချပ်ကာယာဉ်များကို ရန်ကုန်တွင် တွေ့ရသည်။ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူများ၏ အဆိုအရ ထိုစစ်လက်နက် ပစ္စည်းများကို အဓိက ရောင်းချမှုတွင် ယူကရိန်းမှ လက်နက်ထုတ်လုပ်သည့် အဓိက လုပ်ငန်းများဖြစ်သော နိုင်ငံပိုင် Ukroboronprom နှင့် Ukrspecexport တို့ ဖြစ်သည်။

ဒီမိုကရေစီကို ရပ်ဆိုင်းလိုက်သည့် အာဏာသိမ်းမှုအပြီး မြန်မာစစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းမည်လားဟု ဂျာမန်အမျိုးသား ရုပ်သံလွှင့်လုပ်ငန်း Deutsche Welle က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် မေးသောအခါ Ukroboronprom ပြောခွင့်ရသူက ၎င်းတို့သည် စစ်လက်နက်ပစ္စည်းများကို ယူကရိန်း ဥပဒေနှင့် နိုင်ငံတကာ တာဝန်ဝတ္တရားများနှင့်အညီ တင်ပို့ကြောင်းနှင့် ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်သည် စစ်ကောင်စီအောက်တွင်ပင် အသက်ဝင်နေဆဲဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ထိုတွေ့ဆုံမေးမြန်းခန်းကြောင့် ဒီမိုကရေစီလိုလားသူများက စီမံသည့် အင်တာနက်စာမျက်နှာဖြစ်သော Justice for Myanmar က စက်တင်ဘာလ ၈ ရက်နေ့တွင် ကြေညာချက်တစောင် ထုတ်ပြန်ပြီး မြန်မာစစ်အုပ်စုသို့ လက်နက်ရောင်းချသော ပုဂ္ဂလိကများနှင့် ကုမ္ပဏီများကို ချက်ခြင်းအရေးယူပြီး နိုင်ငံတကာ ဘဏ္ဍာရေးစနစ်နှင့် စင်ကာပူအပါအဝင် ကမ္ဘာ့ဈေးကွက်များကို မချဉ်းကပ်နိုင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောသည်။ စင်ကာပူသည် မြန်မာသို့ တင်ပို့သည့် လက်နက်ပွဲစားအချို့ လှုပ်ရှားနေသည့် နေရာတခုဖြစ်သည်။

ရှမ်းပြည်နယ်၊ မူဆယ်တွင် စစ်သားတဦး မြေပြင်တွင် ကင်းကျနေစဉ် စစ်သားများကို သယ်ယူနေသည့် စစ်ရဟတ်ယာဉ်ကိုလည်း ကောင်းကင်တွင် တွေ့ရစဉ် / AFP

ယခုအခါ ထိုသို့သော အရေးယူပိတ်ဆို့မှုများကို ရုရှားအပေါ် ချမှတ်ထားပြီး ဖြစ်သောကြောင့် မော်စကိုနှင့် အရောင်းအဝယ်လုပ်သည့် နိုင်ငံများသည် အနောက်နိုင်ငံများ၏ နောက်ဆက်တွဲ အရေးယူမှုများကို ခံရနိုင်သည်။ ထို့ကြောင့် မြန်မာစစ်အုပ်စုသည် မော်စကိုတွင် သင်တန်းစေလွှတ်ထားသော ဗိုလ်များအားလုံးကို ဆက်လက် ထားရှိရေး ငွေပေးရန် နည်းလမ်းရှာနိုင်၊ မရှာနိုင်ကို မေးခွန်းထုတ်စရာ ဖြစ်လာပြီး ပိုမိုအရေးပါသော မေးခွန်းမှာ ရုရှားလုပ် စစ်လက်နက်ပစ္စည်း ကိရိယာများအတွက် အပိုပစ္စည်းများနှင့် ခဲယမ်းများအတွက် မည်သို့ ငွေပေးချေမည်နည်းဆိုသည့် မေးခွန်းဖြစ်သည်။

ထိုကိစ္စသည် ရုရှားလုပ် တိုက်ခိုက်ရေး ရဟတ်ယာဉ်များ ဆက်လက် ထိန်းသိမ်းထားနိုင်ရေးနှင့် အဓိက သက်ဆိုင်နေသည်။ ထိုရဟတ်ယာဉ်များကို နိုင်ငံမြောက်ဖျားမှ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) နှင့် ထိုင်း နယ်စပ်မှ ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ကို တိုက်ခိုက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးနေသည်။

ထို ရဟတ်ယာဉ်များကို ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းမြောက်ပိုင်းမှ အရပ်သားပစ်မှတ်များကို ဗုံးကြဲရာတွင်လည်း အသုံးပြုနေသည်။

သမ္မတ ပူတင်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် နိုင်ငံတကာ အပစ်ပယ်ခံများအဖြစ် ဒီပုပ်ထဲမှ ဒီပဲများ ဖြစ်လာကြသည်။ မြင့်မြတ်ကဲ့သို့သော ဆောင်းပါးရှင်များ သို့မဟုတ် စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းက မည်သို့ ပြောစေကာမူ မြန်မာစစ်အုပ်စုအနေဖြင့် ရုရှားသာမက ယူကရိန်းမှ လက်နက်များကို လွတ်လွတ်လပ်လပ် တင်သွင်းခွင့်ရနေသည့် နေ့များသည် ယခုအခါ အပြီးတိုင် အဆုံးသတ်သွားပြီဖြစ်သည်။

(Asia Times ပါ Bertil Lintner ၏ Russia's war means fewer arms for Myanmar ကို ဘာသာပြန် ဖော်ပြသည်။ Bertil Lintner သည် အာရှအကြောင်း ဆယ်စုနှစ် ၄ ခုကြာ ရေးသားခဲ့သည့် ဆွီဒင် သတင်းစာဆရာ၊ စာရေးဆရာနှင့် သေနင်္ဗျူဟာ အတိုင်ပင်ခံဖြစ်သည်။)

https://burma.irrawaddy.com/article/2022/03/25/250857.html

------------------------------------------------------------------------------------------

## ယူကရိန်းကိုကူညီသလို မြန်မာကိုကူညီကြဖို့ ကုလဆိုင်ရာ မြန်မာသံအမတ်ကြီးပန်ကြား

25 မတ်၊ 2022 | ဗွီအိုအေမြန်မာပိုင်း

ယူကရိန်းအပေါ် ရုရှားရဲ့ တိုက်ခိုက်မှုတွေကို အမြန်ဆုံးရပ်ဖို့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ကြာသပတေးနေ့က တခဲနက် မဲခွဲဆုံးဖြတ်လိုက်တာကြောင့် ရုရှားအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းမှာ ပိုမိုအထီးကျန်စရာ ဖြစ်ခဲ့ရပါတယ်။

နိုင်ငံပေါင်း ၈၀ ကျော်ရဲ့ ထောက်ခံမှုနဲ့ ယူကရိန်းက တင်သွင်းခဲ့တဲ့ ဆုံးဖြတ်ချက်ကိုတော့ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၄၀ က ထောက်ခံခဲ့ပြီး၊ ကန့်ကွက်တဲ့ နိုင်ငံ ၅ နိုင်ငံနဲ့ တရုတ်၊ အိန္ဒိယ အပါအဝင် မဲမပေးတဲ့နိုင်ငံ ၃၈ နိုင်ငံ ရှိခဲ့တာပါ။

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးကျော်မိုးထွန်းကလည်း ဆုံးဖြတ်ချက်ကို ထောက်ခံကြောင်းနဲ့ မြန်မာ့အရေးမှာလည်း အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းက အားပေးကူညီဖို့ ပန်ကြားခဲ့ပါတယ်။

"ယူကရိန်း ပြည်သူတွေနဲ့အတူ အခိုင်အမာ၊ တသားတည်း ရပ်တည်နေပါတယ်။ မြန်မာပြည်သူတွေဟာလည်း စစ်အာဏာပိုင်တွေရဲ့ ရက်စက်တဲ့ လုပ်ရပ်တွေ၊ လူသားထုအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ၊ ကိုယ့်ပြည်သူအပေါ် သိမ်းကျုံးပြီး အပြင်းအထန် တိုက်ခိုက်မှုတွေကြောင့် အလားတူ လူဖန်တီးလို့ ဖြစ်ရတဲ့ ကြေကွဲစရာ အဖြစ်တွေနဲ့ လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရပါတယ်။" လို့ မြန်မာသံအမတ်ကြီး ဦးကျော်မိုးထွန်းက နယူးယောက် ကုလသမဂ္ဂ ရုံးချုပ်က ကြာပသတေးနေ့ အထွေထွေညီလာခံ အရေးပေါ် အစည်းအဝေးမှာ ပြောကြားသွားတာပါ။

ယူကရိန်းအရေး အထွေထွေညီလာခံ ဆုံးဖြတ်ချက်မှာတော့ အရပ်သားတွေနဲ့ အရပ်ဖက် အခြေခံအဆောက်အအုံတွေအပြင်၊ လူသားချင်းစာနာမှု အကူအညီပေးသူတွေ၊ ဆေးဖက်ဆိုင်ရာ ဝန်ထမ်းတွေ၊ သတင်းသမားတွေကို ကာကွယ်ဖို့လည်း တောင်းဆိုထားပါတယ်။

ဆုံးဖြတ်ချက်ကိုတော့ ရုရှား၊ ဘဲလာရုစ်၊ အီရီထရီးယား၊ မြောက်ကိုရီးနဲ့ ဆီးရီးယား ၅ နိုင်ငံက ကန့်ကွက်ခဲ့ကြပြီး ရုရှားကိုယ်စားလှယ်ကတော့ ဆုံးဖြတ်ချက်အတွက် ထောက်ခံမှုရအောင် အနောက်နိုင်ငံတွေက ဖိအားပေးခဲ့ကြောင်း စွပ်စွဲခဲ့တာပါ။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး Linda Thomas-Greenfield ကတော့ ယူကရိန်းကို တိုက်ခိုက်မှုမှာ ရုရှားဟာ လုံးဝတာဝန်ရှိကြောင်း ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ အများစုက အခိုင်အမာ ပြသလိုက်တဲ့ ဆုံးဖြတ်ချက်အဖြစ် ပြောဆိုခဲ့ပါတယ်။

https://burmese.voanews.com/a/kyaw-moe-htun-un-ukraine/6500544.html

------------------------------------------------------------------------------------------

## မြန်မာနိုင်ငံတွင်း အခွင့်အရေးချိုးဖောက်မှု ILO ကော်မရှင်ဖွဲ့ စုံစမ်းစစ်ဆေးမယ်

25 မတ်၊ 2022 | ဗွီအိုအေ (မြန်မာဌာန)

မြန်မာနိုင်ငံမှာ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုတွေနဲ့ နိုင်ငံတကာ သဘောတူညီ ချက်တွေကို လိုက်နာဖို့ ပျက်ကွက်နေတာတွေအပေါ် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမယ့်အကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ရဲ့ အုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်လိုက်ပါတယ်။

မြန်မာနိုင်ငံတွင်း အလုပ်သမားရော အလုပ်ရှင်အဖွဲ့အစည်းတွေပါ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်နဲ့ စည်းရုံးခွင့်ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်တွေနဲ့ အဓမ္မစေခိုင်းမှု တားမြစ်ရေး သဘောတူညီချက်တွေ လိုက်နာမှု ရှိမရှိ ILO ကဖွဲ့စည်းမယ့် စုံစမ်းစစ်ဆေးရေးကော်မရှင်က စစ်ဆေးမှာဖြစ်ပါတယ်။

ကလေးငယ်တွေအပါအဝင် အရပ်သားတွေကို အကြမ်းဖက်သတ်ဖြတ်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်နေတာနဲ့ မလွှကုန်း မီးရထားသမဂ္ဂက ဦးအောင်ကိုလတ်ကို ဖမ်းဆီးနှိပ်စက်နေတဲ့ လုပ်ရပ်အပေါ်မှာ အထူးစိုးရိမ်တဲ့အကြောင်း ILO အုပ်ချုပ်ရေးအဖွဲ့ ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ အလုပ်သမားအခွင့်အရေး လှုပ်ရှားသူတွေအပေါ် နောင့်ယှက် ခြိမ်းခြောက်တာ၊ တရား လက်လွတ် ဖမ်းဆီး ထောင်ချတာတွေ ရှိနေတဲ့အတွက် စိတ်မကောင်းဖြစ်မိတဲ့အကြောင်းလည်း ကြေညာချက်မှာ ဖော်ပြထားပါ တယ်။

အဖွဲ့ဝင် ၃ ဦးပါဝင်မယ့် ILO ရဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ အခွင့်အရေးချိုးဖောက်မှုတွေကို တစိုက်မတ်မတ် ကျူးလွန်နေတဲ့ အဖွဲ့ဝင်နိုင်ငံတခုခုအပေါ် အမြင့်ဆုံး လုပ်ထုံးလုံးနည်းတွေနဲ့ စုံစမ်းစစ်ဆေးမယ့်အဖွဲ့ဖြစ်ပါတယ်။ အလားတူ ကော်မရှင် ၁၄ ခု ILO က ဖွဲ့စည်းခဲ့ဖူးပါတယ်။ ILO ဘက်က စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမယ့်ကိစ္စနဲ့ပတ်သက်လို့ မြန်မာစစ်ကောင်စီဘက်က တစုံတရာတုံ့ပြန်ချက် ချက်ချင်းထွက်လာတာတော့ မရှိသေးပါဘူး။

[https://burmese.voanews.com/a/myanmarmiliarycoup-ilo-laborrights-voaburmese-စစ္တာဏာသိမ္ြားမႈ-အလုပ္သမားအခြင့္အေရး-အိုင္အယ္လ္အို-ဗြီအိုေအျမန္မာပိုင္ြး-/6501363.html](https://burmese.voanews.com/a/myanmarmiliarycoup-ilo-laborrights-voaburmese-စစ္တာဏာသိမ္ြားမႈ-အလုပ္သမားအခြင့္အေရး-အိုင္အယ္လ္အို-ဗြီအိုေအျမန္မာပိုင္ြး-/6501363.html)

-----------------------------------------------------------------------------------------------

## တပ်မတော်နေ့မှာ စစ်တပ်ကို ပစ်မှတ်ထား အရေးယူဖို့ HRW တိုက်တွန်း

2022.03.25

စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ ကျင်းပသည့် (၇၆) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားမှာ တွေ့ရစဉ် ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

မတ်လ ၂၇ ရက်နေ့မှာ ကျင်းပမယ့် စစ်ကောင်စီရဲ့ တပ်မတော်နေ့ဟာ မြန်မာစစ်တပ်က ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေတဲ့ အကြမ်းဖက်ရက်စက်မှုတွေအပေါ် ပိုပြင်းထန်တဲ့ အရေးယူမှုတွေ လုပ်နိုင်ဖို့ နိုင်ငံတကာ အစိုးရတွေအတွက် အခွင့်အလမ်းတစ်ရပ်ပဲလို့ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) အဖွဲ့က ဒီကနေ့ သတင်း ထုတ်ပြန်ပါတယ်။

စစ်ကောင်စီအဖွဲ့ဝင်တွေ၊ စစ်တပ်က အဆင့်မြင့်အရာရှိတွေနဲ့ စစ်တပ်ပိုင်လုပ်ငန်းတွေ အပေါ် စီးပွားရေးအရ ပြင်းထန်တဲ့ အရေးယူမှုတွေကို နိုင်ငံတကာအစိုးရတွေက လုပ်သင့်တယ်လို့လည်း Human Rights Watch အဖွဲ့က တိုက်တွန်းပါတယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံကို လက်နက်ရောင်းချမှုတွေ တစ်ကမ္ဘာလုံးက ပိတ်ပင်ရေး အရေးပေါ်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သင့်တယ်၊ မြန်မာနိုင်ငံရဲ့ အခြေအနေတွေဟာ ICC နိုင်ငံတကာတရားရုံးက ကိုင်တွယ်ဖို့ကိုပါ လုံခြုံရေးကောင်စီက တိုက်တွန်းသင့်တယ်လို့ Human Rights Watch အဖွဲ့က ဆိုပါတယ်။

ကိုယ့်ရဲ့ ပြည်သူတွေကို ရက်ရက်စက်စက် ဖိနှိပ်နေတဲ့ မြန်မာစစ်တပ်ရဲ့ တပ်မတော်နေ့ အခမ်းအနားတွေကို နိုင်ငံတကာ အစိုးရတွေက ပါဝင်တက်ရောက်မယ့်အစား မြန်မာ စစ်ဗိုလ်တွေနဲ့ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းတွေ ကို ပစ်မှတ်ထားပြီး အရေးယူ ဒဏ်ခတ် သင့်တယ်လို့ Human Rights Watch အဖွဲ့ရဲ့ သုတေသီ ဒေါ်မန်နီမောင်က တိုက်တွန်း ပါတယ်။

ပြီးခဲ့တဲ့နှစ် တပ်မတော်နေ့မတိုင်ခင် တစ်ရက်အလိုက စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေမှာ မပါဝင်ဖို့ မြန်မာ့ရုပ်မြင်သံကြားက သတိပေး ကြေညာခဲ့ပါတယ်။ နောက်တစ်ရက်မှာတော့

စစ်ကောင်စီတပ်ဖွဲ့ဝင်တွေရဲ့ အကြမ်းဖက် ချေမှုန်းမှုကြောင့် ဆန္ဒပြသူ ၁၆၃ ဦးထက်မနည်း သေဆုံးခဲ့ရတယ်လို့လည်း Human Rights Watch အဖွဲ့ရဲ့ ဒီကနေ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

https://www.rfa.org/burmese/news/hrw-urges-targeted-military-action-on-armedforcesday-03252022053912.html

-------------------------------------------------------------------------------------------------

KNU နှင့် KNPP တပ်မတော်နေ့ အခမ်းအနား သွားမည်မဟုတ်

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်။

တပ်မတော်နေ့ အခမ်းအနားကို တက်ရောက်ရန် စစ်ကောင်စီက ဖိတ်ကြားလာပါက တက်ရောက်မည် မဟုတ်ကြောင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အချို့က ပြောသည်။

ကရင့်အမျိုးသား အစည်းအရုံး KNU နှင့် ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ KNPP တို့က ယခုကဲ့သို့ အတိအလင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

စစ်ကောင်စီက မတ်လ ၂၇ ရက်နေ့တွင် ကျင်းပမည့် ၇၇ ကြိမ်မြောက်တပ်မတော်နေ့ အခမ်းအနားကို EAOs အဖွဲ့များအား ဖိတ်ကြားထားသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း စစ်ကောင်စီဖက်က ယခုအချိန်အထိ တစ်စုံတစ်ရာ ဖိတ်ကြားလာခြင်းမျိုး မရှိသေးသလို ဖိတ်ကြားလာပါကလည်း တက်ရောက်မည် မဟုတ်ဘူးဟု NCA အပစ်ရပ်စာချုပ် လက်မှတ် မရေးထိုးထားသည့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP က ပြောသည်။

KNPP အထွေထွေ အတွင်းရေးမှူး ၂ ဦးအောင်ဆန်းမြင့်က "ကျနော်တို့ကို ဘယ်သူမှ မဖိတ်ပါဘူး။ ကျနော်တို့က ဒီနေ့ဖြစ်ပျက်နေတဲ့ နိုင်ငံရေး အခြေအနေ စစ်ရေး အခြေအနေ ပေါ့နော အရ ကျနော်တို့က တက်ဖို့ကတော့ အစီအစဉ် လုံးဝမရှိပါဘူးလို့" ဟု ပြောသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏ တပ်ဖြစ်သည့် KA အပါအဝင် KNDF ပူးပေါင်းတပ်များသည် ကရင်နီပြည်နယ်အတွင်း စစ်ကောင်စီနှင့် နေ့စဉ်တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားလျှက်ရှိသည်။

ထို့အတူ ကရင်အမျိုးသား အစည်းအရုံး KNU ဗဟို နိုင်ငံခြားရေးဌာန တာဝန်ခံ ပဒိုစောတောနီးကလည်း စစ်ကောင်စီက တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားမှုကို ၎င်းအနေဖြင့် ရေရေရာရာ မသိရသေးကြောင်းနှင့် အခမ်းအနား တက်ရောက်ရန် ဖိတ်ကြားလာပါကလည်း KNU အနေဖြင့် တက်ရောက်မည် မဟုတ်ဟု ပြောသည်။

ပဒိုစောတောနီးက "ဒါကြီးက ရှင်းနေတာပဲ နေ့တိုင်း စစ်ဖြစ်နေတာ ဘယ်လိုလုပ် အဲဒီပွဲကို သွားတက်မလဲဗျာ" ဟု ပြောသည်။

မတ်လ ၂၇ ရက်နေ့တွင် ပြုလုပ်မည့် တပ်မတော်နေ့ အခမ်းအနားကို စစ်ကောင်စီက တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့ တော်တော်များများကို ဖိတ်ကြားထားပြီး တိုင်းရင်း လက်နက်ကိုင် အဖွဲ့အစည်းအချို့က တက်ရောက်မည်ဟု သိရသော်လည်း သတင်းနှင့် မီဒီယာ ကွန်ရက်က အခြားသော အဖွဲ့အစည်းများကို မေးမြန်း အတည်ပြုချက် ရယူ၍ မရသေးပေ။

လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး အခင်းအကျင်းသည် စစ်အာဏာရှင်နှင့် အာဏာရှင်မုန်းသမျှ အမြစ်ပြတ်တွန်း လှန်နေသည့် အခြေအနေအောက်တွင် ရှိနေသည့်အတွက် စစ်ကောင်စီက ဖိတ်ကြားထားသည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဆုံးဖြတ်ထားသည့် အဖွဲ့အစည်းများအနေဖြင့် အခြေအနေအရပ်ရပ်ကို စဥ်း စားရန်လိုအပ်သည် ဟု ဦးအောင်ဆန်းမြင့်က ဆက် ပြောသည်။

ဦးအောင်ဆန်းမြင့်က "ကျနော်တို့ တိုင်းရင်းသား အဖွဲ့အစည်းတွေက အများကြီး စဥ်းစားဖို့လိုတယ်လေ။ ဒီနေ့ ကျနော်တို့ နိုင်ငံအတွင်းမှာ ဖြစ်ပျက်နေတာက လူမျိုးတမျိုးတည်းရဲ့ အရေး၊ အဖွဲ့အစည်းတဖွဲ့တည်းရဲ့ အရေး

မဟုတ်ဘူးလေနော်။ ကျနော်တို့ တစ်နိုင်ငံလုံးရဲ့ အရေး၊ ဆိုတော့ စစ်တပ်က ခေါ်ယူတဲ့ တွေ့ဆုံဆွေးနွေးပွဲတွေဟာ ဒါသူတို့ရဲ့ နိုင်ငံရေးအရပေါ့နော် နိုင်ငံတကာမှာ မျက်နှာသာရဖို့ သူတို့က ဆွေးနွေးညှိနှိုင်းရေး လမ်းစဉ်ကိုသွားနေပါတယ်ဆိုတဲ့ဟာကို သူတို့က နိုင်ငံတကာကို ပြဖို့အတွက်ပဲ သက်သက်ပဲဖြစ်တယ်။ တကယ့်တကယ်ကျနော်တို့ တိုင်းရင်းသားတွေ လိုချင်တဲ့ ဖယ်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ဖို့ အတွက် သူတို့စိတ်ထဲမှာ ဒါကတော့ လုံးဝရှိတာမဟုတ်ဘူးပေါ့လေ ဒါကို ကျနော်သိဖို့လိုတယ်။ အဲ့ဒီတော့ ကျနော်တို့ အဖွဲ့အစည်းအရေး တစ်စုတစ်ဖွဲ့အရေးထက် တစ်နိုင်ငံလုံးအရေးကို ကျနော်တို့က ကြည့်ပြီးတော့မှ ကျနော်တို့က သွားသင့်မသွားသင့် ဆိုတာ စဉ်းစားကြဖို့ ကျနော်အနေနဲ့ ပြောလိုတာပေါ့နော” ဟု ပြောသည်။

စစ်ကောင်စီက ပြုလုပ်မည့် တပ်မတော်နေ့ အခမ်းအနား တက်ရောက်မည့် ကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတော်လှန်ရေး အဖွဲ့အစည်းများက မည်ကဲ့ပင်သို့ ဆုံးဖြတ်စေကာမူ နောက်ဆုံး အဆုံးအဖြတ်ပေးမည့်သူများမှာပြည်သူသာ ဖြစ်သည်ဟု KNU ဗဟိုနိုင်ငံခြားရေးဌာန တာဝန်ခံ ပဒိုစောတောနီးက ပြောသည်။

၎င်းက “ဒီလိုမျိုးမှာ ဖြစ်နေတဲ့ ကိစ္စတွေ ကျနော်တို့ ပြောစရာမရှိဘူး။ ဒါပေမယ့် ဒါဟာ ဆုံးဖြတ်မှာက ပြည်သူတွေပဲ ဆုံးဖြတ်မှာပါ။ ပြည်သူတွေက ဆုံးဖြတ်တဲ့ဟာကတော့ ကျနော်တို့ ဘာမှ ပြောစရာမလိုဘူးလေ။ အဲဒါကြောင့်မို့လို့ ဒီဟာတွေက ကျနော်တို့ အထူးအထွေ ပြောစရာမလိုဘူး။ အဖွဲ့အစည်းတစ်ခုခုမှာ သူရဲ့ ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝရှိပါတယ်။ ဒါပေမယ့် ဆုံးဖြတ်မှာကတော့ ဒီဟာတွေက ဒီလိုဒီလို ဖြစ်နေတယ် ဆိုတာကတော့ လူထုကပဲ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်လည်း စစ်ကောင်စီက ပြုလုပ်ခဲ့သည့် ထာဝရငြိမ်းချမ်းရေးဆွေးနွေးပွဲ နှင့် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အချို့က တက်ရောက်ခဲ့ကြသော်လည်း ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ KNPP၊ ကရင်အမျိုးသား အစည်းအရုံး KNU တို့တို့အပါအဝင် EAOs အချို့လည်း တက်ရောက်ခဲ့ခြင်း မရှိပေ။

https://www.nmg-news.net/2022/03/25/18269

--------------------------------------------------------------------------------------------------------

## အပစ်ခတ်ရပ်စဲရေးညှိနှိုင်းဖို့ စစ်ကောင်စီ ကမ်းလှမ်းချက် အပေါ် KNU တုံ့ပြန်ချက်

25 မတ်၊ 2022 | ခင်မောင်စိုးမင်း

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ EAO တွေရဲ့နယ်မြေမှာ လက်နက်ကိုင် ပဋိပက္ခတွေမဖြစ်အောင် တပ်မတော်အနေနဲ့ အတတ်နိုင်ဆုံး လုပ်ဆောင်နေကြောင်း စစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ် ဇော်မင်းထွန်းရဲ့ပြောဆိုချက်ကို KNU ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုတာဒိုမူး က ငြင်းဆိုလိုက်ပါတယ်။ ဒီအကြောင်း ကိုခင်မောင်စိုးမင်း က ပြောပြပေးပါလိမ့်မယ်။
.....
ကရင်ပြည်နယ်အတွင်း အပစ်အခတ်မဖြစ်ပွားရေးအတွက် KNU ကရင်အမျိုးသားအစည်းအရုံးအနေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ ကိုယ်စားလှယ်အမည်စာရင်းပေးပို့ရန် KNU ကို စစ်ကောင်စီကနေ ဒီလ မတ်လ ၂၃ ရက်နေ့က စာတဆောင်ပေးပို့ခဲ့ပါတယ်။ ဒါအပြင် မတ်လ ၂၄ရက် မနေ့က သတင်းစာရှင်းလင်းပွဲမှာလည်း စစ်ကောင်စီပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်း က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ EAO တွေနဲ့ အပစ်အခတ်လျှော့ပါးရေးအတွက် ဆွေးနွေးပွဲခေါ်ယူခြင်းဖြစ်ကြောင်းပြောဆိုပါတယ်။ အဲဒီအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ EAO နယ်မြေတွေမှာ လက်နက်ကိုင် ပဋိပက္ခမဖြစ်ပွားရေးအတွက် တပ်မတော်က လုပ်ဆောင်နေတယ်လို့လည်း ပြောဆိုပါတယ်။ ဒီအချက်ကို KNU ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုတာဒိုမူး က အခုလိုငြင်းပယ်လိုက်ပါတယ်။

" ရှင်းရှင်းပြောရရင်တော့ လေယာဉ်ပျံနဲ့တောင် ပုံးလာကြဲကြတာ။ မနေ့ညကတောင်မှာ မြဝတီရဲ့ မြောက်ဖက်မှာရှိတဲ့ နိုဖိုးထိမူးထာ ဖက်မှာ သူတို့ ရွာထဲကို လက်နက်ကြီးနဲ့ပစ်တာ၊ ၁၇နှစ်ကျော် ၁၈ နှစ်ရှိတဲ့ သမီးငယ်လေး ခေါင်းကို တည့်တည့်ထိတာ ပွဲချင်းပြီးကို ဆုံးသွားတယ်။ အိမ်က ပျက်စီးသွားတယ်။ EAO ကို သွားမတိုက်ဖူးဆိုတာကလည်း သိပ်တော့ အဆင်မပြေဖူးထင်ပါတယ်"

ဒါအပြင် စစ်ကောင်စီအနေနဲ့ အပစ်အခတ်မဖြစ်ပွားအောင် ဦးတည်လုပ်ဆောင်မယ်ဆိုရင် စစ်အင်အားတွေ တိုးမြှင့်လာတာမလုပ်ပဲ ရုတ်သိမ်းသွားဖို့လိုတယ်လို့လည်း ဖဒိုတာဒိုမူး က ပြောပါတယ်။

" အပစ်အခတ်မဖြစ်ပွားရေးအတွက် ဦးတည်တယ်ဆိုရင် ကျနော်က အကြံပြုလိုတာက စစ်တပ်တွေ ပြန်ဆုတ်သွားဖို့လိုပါတယ်။ ဒီဟာနဲ့ အပစ်အခတ်ရပ်စဲသွားရေးနဲ့ နိုင်ငံရေးပြဿနာပြေလည်ရေးကတော့ အချိတ်အဆက်ရှိတာပေါ့နော်။ လက်ရှိဖြစ်နေတာက တပ်အင်အားတွေတိုးချဲ့တာနဲ့ ဒရုန်းတွေနဲ့ ထောက်လှမ်းတာတို့၊ လက်နက်ကြီးတွေနဲ့ လှမ်းပစ်တာတို့၊ အခု သူတို့ ဟောင်ဝစ်ဇာအမြောက်ကြီးတွေ ဆွဲယူလာကြတယ်။ ဒါတွေက အပစ်အခတ်လျှော့ပါးအောင်လုပ်တာထက် သဘောထားမှန်ကန်အောင်လုပ်မယ်ဆိုတဲ့ သဘောထားလည်းပါဖို့တော့လိုတာပေါ့နော်"

ဆက်လက်ပြီး အခုအပစ်အခတ်လျှော့ပါးရေးဟာ State Holder အသစ်တွေ၊ PDF ဒေသကာကွယ်ရေးတပ်ဖွဲ့တွေနဲ့အကြားမှာ ကွဲပြားသွားအောင်လည်းလုပ်တာဖြစ်တယ်လို့ သူက ပြောပါတယ်။ ဒါအပြင် ဆွေးနွေးပွဲတွေကို နိုင်ငံရေးအရ အသုံးချတာမျိုးမဟုတ်ပဲ နိုင်ငံရေးမှာ စစ်တပ်ကမပါပဲ စစ်တန်းလျားကိုပြန်ပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ဘယ်လိုတည်ထောင်မလဲဆိုတာကိုလည်း ဖော်ပြသင့်တယ်လို့ KNU အထွေထွေအတွင်းရေးမှူး ဖဒိုတာဒိုမူးက ပြောပါတယ်။

https://burmese.voanews.com/a/knu-eao-military-council/6500420.html

---

## အပစ်အခတ်ရပ်စဲရေးပြောပြီး တပ်တွေ နင်းကန်လွှတ်နေတာ

ဧရာဝတီ | 25 March 2022

ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေအတွင်းရှိ အာဏာသိမ်း စစ်ကောင်စီ လက်အောက်ခံ ဝန်ထမ်းများ နုတ် ထွက်ရန် KNU ၏ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးကော်မတီများက ကြေညာချက်ထုတ်ပြန်လာသည်။

တပ်မဟာ ၅ အခြေစိုက်ရာ KNU မူတြော် (ဖာပွန်) ခရိုင်က ပထမဆုံး ကြေညာချက်ထုတ်ခဲ့ပြီး ၂၀၂၂ ဖေဖော်ဝါရီ ၇ ရက်တွင် တပ်မဟာ ၁ အခြေစိုက်ရာ KNU သထုံခရိုင်၊ မတ် ၁၇ ရက်တွင် KNU တပ်မဟာ ၆ အခြေစိုက် လှုပ်ရှားရာ ဒူးပလာယာခရိုင်တို့ကလည်း အလားတူ ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

အာဏာသိမ်း စစ်ကောင်စီ လက်အောက်ခံ ဝန်ထမ်းများ ထွက်သွားရန် ထုတ်ပြန်သည့် ကြေညာချက် အကြောင်းရင်း နှင့် ထုတ်ပြန်ချက်အတိုင်း လိုက်နာမှုမရှိပါက မည်သည့်အကျိုးဆက်များ ရှိလာနိုင်သည်နှင့် ပတ်သက်၍ KNU ဗဟို၏ နိုင်ငံခြားရေးဌာနအကြီးအကဲ ပဒိုစောတောနီးအား ဧရာဝတီက ဆက်သွယ်မေးမြန်းထားပါသည်။

မေး ။ ။ မတ် ၁၇ ရက် ရက်စွဲနဲ့ထုတ်တဲ့ KNU ဒူးပလာယာခရိုင်ရဲ့ ထုတ်ပြန်ချက်မှာ စစ်ကောင်စီ ဝန်ထမ်းတွေ အလုပ်ကထွက်ဖို့ဆိုတာ တွေ့ပါတယ်။ အဲဒီစာက အွန်လိုင်းမှာတော့ ပျံ့နေတာပေါ့။ မေးချင်တာက KNU အနေနဲ့ ဘာကြောင့် အခုလို ကြေညာချက် ထုတ်ရတာပါလဲခင်ဗျ။

ဖြေ ။ ။ စာထွက်တာကတော့ မတ် ၁၇ ရက်က KNU ကော့ကရိတ်မြို့နယ်၊ မြို့နယ်ကော်မတီက ထုတ်တာပါ။ အဓိကအချက်က ကျနော်တို့ မူဝါဒဖြစ်တဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ စစ်အာဏာရှင်ပြုတ်ကျရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ တွန်းထိုး၊ လုပ်နေတဲ့အခါမှာ နည်းနာတခုတည်းနဲ့ လုပ်လို့မရဘူးပေါ့။ နည်းလမ်းပေါင်းစုံနဲ့ လုပ်ရမယ်ဆိုတာ ကျနော်တို့မူဝါဒမှာ ပါရှိပြီးသားလေ။ အဲဒါကြောင့် သံတမန်နည်းလမ်းဖြစ်ဖြစ်၊ နိုင်ငံရေးနည်းလမ်းဖြစ်ဖြစ်၊ စီးပွားရေးနည်းလမ်းဖြစ်ဖြစ်၊ နောက်ဆုံး စစ်ရေးနည်းလမ်းနဲ့ပဲဖြစ်ဖြစ် ကျနော်တို့က လုပ်နေတာပဲ။

*ကျနော်တို့ မူဝါဒဖြစ်တဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ စစ်အာဏာရှင်ပြုတ်ကျရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ တွန်းထိုး၊ လုပ်နေတဲ့အခါမှာ နည်းနာတခုတည်းနဲ့ လုပ်လို့မရဘူးပေါ့။ နည်းလမ်းပေါင်းစုံနဲ့ လုပ်ရမယ်ဆိုတာ ကျနော်တို့မူဝါဒမှာ ပါရှိပြီးသားလေ။*

စစ်ရေးနည်းလမ်းက ပြောစရာကို မရှိဘူး။ နေ့တိုင်းပဲ ဖြစ်နေတာလေ။ အထူးသဖြင့် နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးယန္တရားမှာ အုပ်ချုပ်ရေး ယန္တရားအကုန်လုံး ပြိုကျတာကလည်း မရှိသေးဘူး။ ဒါပေမဲ့ ဒီဟာတွေက ကျနော်တို့ အနီးအနားမှာ ရှိနေ တဲ့အခါကျတော့ လုပ်ရကိုင်ရတာမှာ ကျနော်တို့နဲ့ ထိစပ်နေတဲ့အပိုင်းတွေ ရှိနေတယ်လေ။ စစ်အာဏာရှင်စနစ် ပြုတ်ကျရေးမှာ သူ့ရဲ့ အုပ်ချုပ်ရေးယန္တရားအားလုံး ပြုတ်ဖို့လည်း လိုတယ်။

ဒါကြောင့် တနည်းတလမ်းအားဖြင့် ကျနော်တို့အောက်ခြေမှာရှိတဲ့ မြို့နယ်တို့၊ ခရိုင်တို့မှာ သူ့နည်းသူ့ဟန်နဲ့ ကျနော်တို့ ရဲ့ မူဝါဒ၊ ပေါ်လစီကို အကောင်အထည်ဖော်တာပဲလို့ နားလည်ပါတယ်။ ဒါက တနေရာတည်းလည်း မဟုတ်ဘူး။ နေရာ အသီးသီးမှာ ဒီလိုဖြစ်နေတယ်။ တချို့နေရာတွေမှာတော့ သူ့ဟာသူ စာတတန်ပေတတန် ထုတ်ရင်လည်း ထုတ်မယ်။ မထုတ်ဘဲ လုပ်နေတာတွေလည်း အများကြီး ရှိပါတယ်။

မေး ။ ။ ထုတ်ပြန်ချက်ထဲမှာ ကြေညာချက်ထဲကအတိုင်း မလိုက်နာဘူးဆိုရင် ဖြစ်ပေါ်လာမယ့် အကျိုးဆက်ကို တာဝန်မယူဘူးလို့လည်း ပါတယ်ပေါ့။ ဒါကရော ဘာကို ဆိုလိုချင်တာပါလဲ။ ထုတ်ပြန်ချက်ကို မလိုက်နာတဲ့ စစ်ကောင် စီ ဝန်ထမ်းတွေဟာ စစ်ရေးပစ်မှတ် ဖြစ်လာမှာလားခင်ဗျ။

ဖြေ ။ ။ အဲဒါမျိုးကတော့ စာထဲမှာ အတိအကျ ညွှန်းဆိုထားတာမျိုး မဟုတ်ဘူးလေ။ ကျနော်တို့ရဲ့ မြေပြင်မှာရှိတဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်နည်းကိုင်နည်းတွေမှာတော့ သိပြီးသားပါ။ အထူးသဖြင့် အရပ်သားပစ်မှတ်တွေနဲ့ ပတ်သက်ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပြီးသားပါ။ အဲဒီလောက်ကြီးလည်း စိုးရိမ်စရာ မရှိပါဘူး။ သို့သော်လည်း ကျနော် တို့ရဲ့ မူဝါဒကတော့ ဒီလိုရှိတယ်ဆိုတာကို အသိပေးလိုက်တာပဲ ဖြစ်တယ်။ လုပ်တယ်၊ မလုပ်ဘူး ဆိုတာကတော့ သူတို့ ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာပဲ မူတည်တယ်။ အထူးသဖြင့် စစ်ကောင်စီ ဝန်ထမ်းတွေပေါ့။

ဒါပေမဲ့ ဒီကနေ့ အချိန်အခါမှာတော့ ကျနော်တို့ တိုက်တွန်းချင်တာက သူတို့တွေလည်း ကျနော်တို့ သွေးချင်းတွေပဲ ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ဒီလို စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးမှာ ကိုယ်က ပြည်သူတယောက်အနေနဲ့ ကိုယ်တတ်နိုင် တဲ့အားနဲ့ပေါ့။ ကိုယ်က ကြီးကြီးမားမား မလုပ်နိုင်ဘူးဆိုပေမယ့် ဒီလိုမျိုး ထွက်လိုက်မယ်ဆိုရင် လူထုအတွက် အားဖြစ် တယ်ဆိုတာကိုတော့ ကျနော်တို့ သတင်းပေးချင်ပါတယ်။

မေး ။ ။ စစ်ကောင်စီဝန်ထမ်းတွေ ထွက်သွားဖို့ စာထုတ်တာက တပ်မဟာ ၅ က အရင်ထုတ်တယ်။ အဲဒီနောက်မှာ သထုံခရိုင် တပ်မဟာ ၁ ထုတ်တယ်။ အခုကတော့ တပ်မဟာ ၆ ဘက်က ထုတ်လာတယ်ပေါ့။ အခုလိုမျိုး စစ်ကောင်စီ ဝန်ထမ်းတွေ ထွက်သွားဖို့ စာထုတ်တာက လက်တွေ့မြေပြင်မှာ သက်ရောက်မှု ဘယ်လောက် ရှိနိုင်ပါသလဲ။ တကယ်ရော အလုပ်ဖြစ်နိုင်ပါသလား။

ဖြေ ။ ။ အမှန်ကတော့ စစ်အာဏာ စသိမ်းလိုက်ကတည်းက အုပ်ချုပ်ရေးယန္တရားတွေက ပြိုလဲနေတယ်ဆိုတာ ကျနော်တို့ ရှင်းရှင်းလင်းလင်း မြင်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ နိုင်ငံတကာနဲ့လည်း ရင်ဆိုင်နေရသလို ပြည်တွင်းထဲမှာလည်း ဆန့်ကျင်တာတွေ တော်တော်လေး ရင်ဆိုင်နေရတာ ဖြစ်တဲ့အခါကျတော့ သူ့အုပ်ချုပ်ရေး လုပ်ငန်းတွေက လုံးဝ မလုပ်နိုင်တော့ဘူးလေ။ အထူးသဖြင့် ကျေးလက်မှာ ဘာမှလုပ်လို့မရဘူး။

*သူဟာ နိုင်ငံတကာနဲ့လည်း ရင်ဆိုင်နေရသလို ပြည်တွင်းထဲမှာလည်း ဆန့်ကျင်တာတွေ တော်တော်လေး ရင်ဆိုင်နေရတာ ဖြစ်တဲ့အခါကျတော့ သူ့အုပ်ချုပ်ရေး လုပ်ငန်းတွေက လုံးဝ မလုပ်နိုင်တော့ဘူးလေ။ အထူးသဖြင့် ကျေးလက်မှာ ဘာမှလုပ်လို့မရဘူး။*

ကျနော်တို့ကလည်း စစ်အာဏာရှင် ပြုတ်ကျရေး နည်းလမ်းပေါင်းစုံ လုပ်ရတဲ့အခါကျတော့ အခုကလည်း ဒါက အုပ်ချုပ်ရေးယန္တရားနဲ့ သက် ဆိုင်ပါတယ်။ ကျနော်တို့ဘက်ကလည်း ဘာမှထုတ်မပြောဘဲ

ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်နေရတဲ့ အပိုင်းတွေ အများကြီးရှိသလို ကျနော်တို့ခရိုင်တွေထဲမှာလည်း အခုဆို ခရိုင် ၃ ခုကနေ တရားဝင်စာထုတ်ပြီး လုပ်တာပေ့ါ။

ဒီလိုလုပ်တာကလည်း ထိရောက်မှု ရှိတယ်လို့ ပြောနိုင်ပါတယ်။ ကျနော်သိရသလောက် ဖာပွန်ဆိုရင် ဝန်ထမ်းတွေ ရှိမှ မရှိတော့ဘဲ။ အစိုးရဝန်ထမ်းယန္တရားတွေ လုံးဝ ပြိုကျပြီး အဲဒီမှာ စစ်တပ်ပဲ ကျန်တော့တာ။ စစ်တပ်တောင် သူ့မိသားစုတွေအကုန်မနေရဲလို့ မိသားစုတွေ ပြေးကုန်ပြီ။ ဖာပွန်က နာမည်သာရှိတာ သူတို့အုပ်ချုပ်ရေးက မရှိတော့ဘူး။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ဝင်များ/ဧရာဝတီ

ဒ့ါပြင် တပ်မဟာ ၁ ရှိတဲ့ ဘားအံဘက်မှာဆိုရင်လည်း သူတို့ရဲ့ ကရင်ပြည်နယ် နယ်လုံဝန်ကြီးကနေ စာတွေဘာတွေ ထုတ် လာတဲ့အဆင့် ရှိတယ်လေ။ သထုံခရိုင်က တုံ့ပြန်ထားတာလည်း အားလုံးအသိပဲ။ သူကိုယ်တိုင်က အစိုးရမဟုတ်တဲ့ အတွက် ဒါတွေလာပြောစရာ မလိုဘူးလို့ တုံ့ပြန်ထားတယ်။ ဒီလိုပဲ ဒူးပလာယာခရိုင်ကလည်း စာထုတ်တာ ဖြစ်ပါ တယ်။

ကျနော်တို့ ခရိုင်တွေအားလုံးထဲမှာတော့ စာထုတ်သည်ဖြစ်စေ၊ မထုတ်သည်ဖြစ်စေ ဒီလိုအနေအထားမှာ သူ့ရဲ့ အုပ်ချုပ်ရေးယန္တရားတွေက ချည့်နဲ့နေပြီး ဘာမှလုပ်လို့မရတော့ဘူး ဆိုတာက တဖြည်းဖြည်းနဲ့ ရှင်းလင်းလာနေပါပြီ။

မေး ။ ။ လက်ရှိ မြေပြင်မှာရော တိုက်ပွဲတွေ ဘယ်လောက် ဖြစ်နေပါသလဲ။ ဒူးပလာယာခရိုင်ရဲ့ ကြေညာချက်ကြောင့် တပ်မဟာ ၆ နယ်မြေထဲမှာ တိုက်ပွဲတွေ ပိုဖြစ်လာနိုင်ပါသလား။

ဖြေ ။ ။ တိုက်ရိုက်ရယ်လို့ပြောလို့ မရသည့်တိုင်အောင်ပေ့ါဗျာ။ အဲဒီ ၁၇ ရက်နေ့ စာထုတ်ပြီးကတည်းက ၁၇ ရက် မတိုင်ခင် ရှိထားပြီးသား အနေအထားထက်တော့ စစ်ရေးက လျော့မသွားဘူးလို့ ပြောလို့ရတယ်။ ကော့ကရိတ်မြို့နယ် အနေအထားမှာပေ့ါ။ အရင်မတ်လ ၇ ရက်က လေးကေကော်မှာရှိတဲ့ စစ်ကောင်စီတပ်တွေကို ပြန်ဆုတ်ပါပေ့ါ။ ခင်ဗျား တို့ဆုတ်မှ ခရီးသွားတွေရော၊ လူထုတွေပါ အိမ်ပြန်နိုင်မယ်ဆိုပြီး စာထုတ်ခဲ့တယ်။ အဲဒီဟာကို သူတို့ဘက်က ဘာနဲ့ တုံ့ပြန်သလဲဆိုတော့ တပ်အင်အားတွေ အကြီးအကျယ် ဖြည့်တင်းတာနဲ့ တုံ့ပြန်တယ်။ အဲဒီအခါမှာကတည်းက တိုက်ပွဲ က စဖြစ်နေတာပေ့ါ။

*စစ်ကောင်စီတပ်က မပြန်ဘဲနဲ့ ရှိသမျှဟာတွေ ခိုးဆိုးလုယက်နေလို့ လူထုကလည်း မပြန်ရဲဘူး။ ဒါကြောင့်မို့ ပြန်ပါလို့ ပြောတယ်။ မပြန်ဘဲ အင်အားတွေ တိုးလာတယ်။ တောင်းဆိုတာနဲ့ ဖြစ်လာတာက ဆန့်ကျင် ဘက် ဖြစ်နေတယ်။ ဒါကြောင့် တိုက်ပွဲတွေက ဆက်တိုက် ဖြစ်နေရတာ ဖြစ်ပါတယ်။*

နောက်ထပ် ၁၀ ရက် အကြာမှာတော့ အခုလို ကော့ကရိတ်မြို့နယ်က စာထုတ်လိုက်တာပဲ။ တိုက်ပွဲကတော့ နေ့တိုင်း လိုလို ဖြစ်နေတာပါ။ စစ်ကောင်စီတပ်က မပြန်ဘဲနဲ့ ရှိသမျှဟာတွေ ခိုးဆိုးလုယက်နေလို့ လူထုကလည်း မပြန်ရဲဘူး။ ဒါကြောင့်မို့ ပြန်ပါလို့ ပြောတယ်။ မပြန်ဘဲ အင်အားတွေ တိုးလာတယ်။ တောင်းဆိုတာနဲ့ ဖြစ်လာတာက ဆန့်ကျင် ဘက် ဖြစ်နေတယ်။ ဒါကြောင့် တိုက်ပွဲတွေက ဆက်တိုက် ဖြစ်နေရတာ ဖြစ်ပါတယ်။

မေး ။ ။ လက်ရှိ ကရင်ပြည်နယ်ထဲမှာ စစ်ဘေးရှောင်အရေအတွက် ဘယ်လောက်လောက် ရှိပါသလဲ။ သူတို့ အခက်အခဲတွေကရော ဘာတွေရှိနေတယ်ဆိုတာ သိပါရစေခင်ဗျာ။

ဖြေ ။ ။ ဒါတွေကတော့ အတိုးအလျော့တော့ အမြဲရှိပါတယ်။ အခြေအနေက တည်ငြိမ်မှု မရှိတဲ့အတွက်ကြောင့်ပါ။ ကျနော်တို့ အနီးစပ်ဆုံး လေးကေကော်ကိုပဲ ပြောကြရရင် ၈၀၀၀ ပတ်ဝန်းကျင် ရှိတယ်ဆိုပေမယ့် လူတွေကတော့ အရွှေ့အပြောင်းက ရှိနေပါတယ်။ ဒါကြောင့် ကိန်းဂဏန်းအားဖြင့်ဆိုရင် ၆၀၀၀ နဲ့ ၇၀၀၀ ဝန်းကျင်မှာတော့ ရှိတယ် လို့ ပြောလို့ရပါတယ်။ တကယ်တမ်းက အဲဒီထက် များတယ်ဆိုပေမယ့် တချို့တွေလည်း ကိုယ်နဲ့နီးစပ်ရာ ဆွေမျိုးတွေ ဆီ သွားနေကြရတာတွေ ရှိပါတယ်။

အခုကလည်း တောထဲတောင်ထဲမှာ မိုးကလည်းရွာတာနဲ့ နေရထိုင်ရတာ တော်တော်လေး အခြေအနေဆိုးတဲ့ အနေ အထားမှာ ရှိပါတယ်။ လူမှုကွန်ရက်က ဓာတ်ပုံတွေမှာလည်း တွေ့နိုင်ပါတယ်။ စစ်ဘေးရှောင်တွေ ရှိနေတာကတော့ ဒီနေရာတခုတည်းတော့ မဟုတ်ပါဘူး။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျနော်တို့ စာရင်းကောက်ထားချက်အရတော့ တိုးလာတဲ့ IDP အရေအတွက်က ၇ သောင်း ရှိပါတယ်။

စစ်အာဏာသိမ်းမှု မတိုင်ခင်က ကျနော်တို့ အပစ်အခတ်ရပ် စဲရေး လုပ်ခဲ့ပေမယ့် ကြားထဲမှာ တိုက်ပွဲတွေ ဖြစ်နေတာ ရှိပါတယ်။ ဒါကြောင့် ဒေသခံတွေက ကိုယ့်နေရင်းကို ပြန်လို့ မရဘဲ တည်ဆောက်ရေး လုပ်လို့မရတဲ့ အခြေအနေရှိတော့ အဟောင်းနဲ့အသစ်စာရင်းကို ပေါင်းလိုက်မယ်ဆိုရင် လက်ရှိ KNU ထိန်းချုပ်နယ်မြေမှာ IDP အရေအတွက်က ၂ သိန်းကျော် ရှိနေပါတယ်။ အဲဒီအရေအတွက်က ကျနော် တို့ရဲ့ ခရိုင် ၇ ခုလုံးမှာရှိနေတဲ့ အနေအထားပါ။

မေး ။ ။ ကရင်ပြည်နယ် စစ်ကောင်စီက သူတို့သဘောနဲ့သူတို့ ဖွဲ့လိုက်တဲ့ ဒေသတွင်း ပစ်ခတ်မှုတွေ မဖြစ်စေရေး ညှိနှိုင်းရေးအဖွဲ့မှာပါဝင်ဖို့ KNU ကို စာပို့ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။ အဲဒီအဖွဲ့မှာ KNU အနေနဲ့ ပါဝင်ဖို့ ရှိမရှိ ပြောပြပေးပါ။

ဖြေ ။ ။ ကျနော်ပြောချင်တာက ဒီလိုပါ။ အပစ်အခတ်ရပ်စဲရေး ဆိုတာကလည်း များနေပြီလေ။ အမျိုးမျိုးအဖုံဖုံနဲ့ပေ့ါ။ နှစ်ဦးနှစ်ဖက်ရော။ တပြည်လုံး အပစ်အခတ် ရပ်စဲရေးရောပေ့ါ။ ဒါတွေကို လိုက်နာမှုက ဘာမှမရှိဘဲ အပြည်ပြည်ဆိုင် ရာရှေ့မှောက် လက်မှတ်ထိုးတာတောင် လုပ်ချင်ရာလုပ်နေတာလေ။ အဲဒါကြောင့် ကျနော် ပြောချင်တာက ဒီနေ့ ကာလမှာ အပစ်အခတ်ရပ်စဲရေးပြောပြီး တပ်တွေ နင်းကန်လွှတ်နေတာ။ ဒါကြောင့် တိုက်ပွဲဖြစ်နေတာ။ ဒါက လုံးဝ မဖြစ်သင့်ဘူးလေ။

ကျနော်တို့ မတ် ၇ ရက်က လေးကေကော်က သူတို့ (စစ်ကောင်စီတပ်) ကို ထွက်သွားဖို့ ပြောတယ်။ စစ်ဘေးရှောင်တွေ ပြန်လာနိုင်ဖို့ပေ့ါ။ သူတို့ ရှိနေတဲ့အတွက် ဘယ်သူမှ ပြန်လာနေလို့မရဘူးလေ။ သူတို့ကို အဲဒါလေးပြောတာကို တပ်တွေလွှတ်ပြီး တပ်အင်အားတိုးချဲ့တာနဲ့ တုံ့ပြန်တယ်။ ဒီအနေအထားမှာတော့ တိုက်ပွဲ ကတော့ နေ့တိုင်းဖြစ်နေတာပါ။ ဒါကြောင့် အခုလို စကားပြောပြီဆိုရင် တယောက်မျက်နှာတယောက် ကြည့်လို့ရတဲ့ အနေအထားပေ့ါ။ အဲဒီ ရေခံမြေခံတခုကိုတော့ ဖန်တီးဖို့လိုတာပေ့ါ။

*ဒီနေ့ဒီကာလမှာ သတ်တာဖြတ်တာတွေ၊ ရွာသားတွေကို မဆီ မဆိုင်သတ်ပြီး မီးရှို့ဖျက်ဆီးတာတွေ၊ လူထုနေလို့မရအောင် အမျိုးမျိုးအဖုံဖုံ ရက်စက်ကြမ်းကြုတ်တာတွေက တခုမှ မရပ်သေးဘူးလေ။ ဒါက တပြည်လုံးမှာ ဖြစ်နေတဲ့ကိစ္စ။ ဒီကိစ္စတွေကို ရပ်ဖို့ပြောတာ တခုမှ မလုပ်သေးဘူး။*

အနီးဆုံးအားဖြင့် တပ်ဆုတ်ပေးတာတို့ ဘာတို့ပေ့ါ။ ဒီနေ့ဒီကာလမှာ သတ်တာဖြတ်တာတွေ၊ ရွာသားတွေကို မဆီ မဆိုင်သတ်ပြီး မီးရှို့ဖျက်ဆီးတာတွေ၊ လူထုနေလို့မရအောင် အမျိုးမျိုးအဖုံဖုံ ရက်စက်ကြမ်းကြုတ်တာတွေက တခုမှ မရပ်သေးဘူးလေ။ ဒါက တပြည်လုံးမှာ ဖြစ်နေတဲ့ကိစ္စ။ ဒီကိစ္စတွေကို ရပ်ဖို့ပြောတာ တခုမှ မလုပ်သေးဘူး။

နောက် တချက်က ကျနော်တို့ တိုင်းပြည်အနေအထားက ကိုယ့်တဖွဲ့တည်းပဲ ကြည့်လို့ရတာ မဟုတ်ဘူး။ တိုင်းပြည်တပြည်ထဲ မှာ အတူနေကြတာ။ အဲဒါကြောင့် ကွက်ကွက်လေးကို ဒီနားအပစ်ရပ်ပြီး ဟိုနားမှာ လုပ်ချင်တာတွေ လျှောက်လုပ် တတ်တဲ့ အကျင့်ဆိုးမျိုးကိုတော့ ကျနော်တို့ လက်ခံလို့မရဘူး။ ဒါမျိုးရပ်ချင်ရင် တပြည်လုံးရပ်မလား။ ဘယ်လို အနေအထားမျိုးလဲ။ သေသေချာချာ ပြောပါ။

ဒီလို အနေအထား လုံးဝ မရှိဘဲနဲ့ အပစ်အခတ်ရပ်စဲရေးပြောပြီး တချိန်လုံး တပ်တွေလွှတ်နေတာ။ သူတို့ အပစ်အခတ်ရပ်စဲရေးပြောရင် ကိုယ်တွေက သေနတ်မောင်းကို လက်အသင့်လုပ်ထားရမယ့် အနေအထားမျိုး ဖြစ်နေတယ်။ ယုံကြည်မှုက အဲဒီလောက်အဆင့် ဖြစ်နေတယ်။

ဒီနေ့ဒီကာလ ဒီအချိန်ကတော့ ကျနော်နားလည်တာက အပစ်အခတ်ရပ်စဲရေးက လုံးဝကို မလုပ်သင့်တဲ့ အချိန်ပဲ။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ ဦးတည်ချက်က ရှင်းတယ်လေ။ စစ်အာဏာရှင် စနစ် ပြုတ်ကျရေး။ ပြုတ်ကျဖို့အတွက်ကတော့ ကျနော်တို့ နည်းလမ်းပေါင်းစုံနဲ့ လုပ်နေတာပဲ။

https://burma.irrawaddy.com/opinion/interview/2022/03/25/250873.html

------------------------------------------------------------------------------------------

## မောခီးစခန်းမှ ထွက်ပြေးသွားသည့် စစ်ကောင်စီတပ် စစ်ကြောင်းမှူးနှင့် တပ်ကြပ်တို့ ဖမ်းဆီးရမိ

Published By DVB | 25 March, 2022

မောခီးစခန်းကနေ ထွက်ပြေးသွားတဲ့ စစ်ကောင်စီတပ် စစ်ကြောင်းမှူးနဲ့ တပ်ကြပ်တယောက်တို့ကို ဖမ်းဆီးရမိခဲ့တယ်လို့ ကရင်အမျိုးသား အစည်းအရုံး (ကေအန်ယူ)ဗဟိုက ထုတ်ပြန်ပါတယ်။

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ဝေါလေမြိုင်မြို့နယ်ခွဲ၊ မောခီးကျေးရွာမှာရှိတဲ့ စစ်ကောင်စီရဲ့ တပ်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တပ်မဟာ ၆ လက်အောက်ခံ တပ်ရင်း ၂၀၁ နဲ့ DKBA၊ KNDO တပ်တွေပူးပေါင်းပြီး မတ် ၂၁ ရက်က တိုက်ခိုက် သိမ်းပိုက်ခဲ့တာပါ။

မောခီးစခန်းကို တိုက်ခိုက်သိမ်းယူချိန်မှာအာဏာသိမ်းစစ်ကောင်စီတပ်ဘက်က တယောက် သေဆုံး၊ တယောက်ကို ဖမ်းမိခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် အများစုကထွက်ပြေးသွားတဲ့အတွက် စခန်းမှာ ကျန်ရစ်ခဲ့တဲ့ လက်နက်အများအပြားကို ကေအန်ယူက သိမ်းဆည်းရမိခဲ့ပါတယ်။

ထွက်ပြေးသွားတဲ့ အာဏာသိမ်း စစ်ကောင်စီ တပ်သားတွေကို ဒုဗိုလ်မှူးကြီး စောဘူးဖေါရဲ့အစီအစဉ်နဲ့ လိုက်လံဖမ်းဆီးခဲ့ရာမှာ မတ် ၂၂ ရက်မှာ ခမရ ၅၅၅ ရဲ့ စစ်ကြောင်းမှူး စန်းယုနဲ့ တပ်ကြပ် တယောက်ကို ထပ်မံဖမ်းမိခဲ့ပါတယ်။

မောခီးတပ်စခန်းမှာ အာဏာသိမ်းစစ်ကောင်စီရဲ့ ခလရ ၃၂၊ စကခ ၁၃ ရဲ့ လက်အောက်ခံ ခမရ ၅၅၅ တပ်ဖွဲ့တို့ တပ်စွဲနေတာဖြစ်ပြီး KNLA တပ်ရင်း ၂၀၁ ရဲ့ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောဘူးဖေါက သိမ်းပိုက်ဖို့ စီစဉ်ဆောင်ရွက်ခဲ့တာလို့ ကေအန်ယူက ပြောပါတယ်။

DKBA တပ်ရင်းမှူး တယောက်နဲ့ လက်တွဲတိုင်ပင်ပြီး ရက်အနည်းအငယ်အတွင်း တိုက်ခိုက်သိမ်းယူခဲ့တာဖြစ်ပြီး ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် KNDO တပ်ဖွဲ့ဝင်တချို့လည်း ပါဝင်တယ်လို့ ဆိုပါတယ်။

မတ် ၂၁ ရက် တရက်တည်းမှာပဲ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင်ထဲမှာ တိုက်ပွဲ ၄ နေရာ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီရဲ့တပ်တွေဟာ ပြည်သူတွေနေထိုင်ရာ ကျေးရွာတွေထဲကို လက်နက်ကြီးတွေနဲ့ နေ့တိုင်း ပစ်ခတ်နေပါတယ်။

မတ် ၂၄ ရက် မနက် ၅ နာရီလောက်က စစ်ကောင်စီတပ်တွေက ကော့ကရိတ်မြို့နယ် နိုဖိုး ထီးမူးထာ ကျေးရွာတို့ကို လက်နက်ကြီးတွေနဲ့ပစ်လို့ အမျိုးသမီးငယ်တယောက် ထိမှန်သေဆုံးပြီး နောက်ထပ် ပြည်သူ ၃ ယောက် ဒဏ်ရာအပြင်းအထန်ရခဲ့တယ်လို့လည်း ကေအန်ယူကနေ သိရပါတယ်။

https://burmese.dvb.no/archives/524230

------------------------------------------------------------------------------------------

## တနိုင်းတွင် စစ်ကောင်စီနှင့် KIA တိုက်ပွဲဖြစ်၊ ဖားကန့်ရဲစခန်းရှေ့ ဗုံးပေါက်ကွဲပြီး ရဲ ၃ ဦး ဒဏ်ရာရ

Published By DVB | 25 March, 2022

ကချင်ပြည်နယ် တနိုင်းမြို့နယ်မှာ မတ် ၂၄ ရက်က စစ်ကောင်စီတပ်နဲ့ ကချင်လွတ်မြောက်ရေးတပ် (KIA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဖားကန့်မြို့ ရဲစခန်းအနီးမှာလည်း ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ၃ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

မတ် ၂၄ ရက် မနက် ၁၀ နာရီလောက်က  တနိုင်းမြို့နယ် ကောင်ရာကျေးရွာဆီကို စစ်အင်အားတိုးချဲ့လာတဲ့ စစ်ကောင်စီတပ်နဲ့ KIA တို့ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“ကောင်ရာကျေးရွာကို စစ်ရေးလှုပ်ရှားမှုပြုလုပ်လာတာ KIA က ကြားဖြတ်တိုက်ခိုက်ခဲ့တာ နှစ်ဖက်ထိပ်တိုက်တွေ့ပြီး တိုက်ပွဲဖြစ်တာပဲ။ လက်နက်ကြီးသံတွေလည်း ကြားရတယ်။ အထိအခိုက် အကျအဆုံးတော့ ကျနော်လည်း မသိရဘူး” လို့ ဒေသခံတဦးက ပြောပါတယ်။

စစ်ကောင်စီ စစ်ကြောင်းဟာ ကြားဖြတ်တိုက်ခိုက်ခံရပြီး လက်နက်ကြီးတွေနဲ့ တောက်လျှောက်ပစ်ခတ်ခဲ့တယ်လို့ ဆိုပါတယ်။

ကချင်ပြည်နယ်အတွင်းက မြို့နယ်အချို့မှာ စစ်ကောင်စီတပ်နဲ့ ကချင်လွတ်မြောက်ရေးတပ်(KIA) တို့ စစ်ရေးပြင်းထန်နေပြီး မတ်လ ၁၉ ရက်နေ့ကလည်း KIA က မြစ်ကြီးနားမြို့အဝင် ၂၁ မိုင် စစ်ကောင်စီစစ်ဆေးရေးဂိတ်ကို သွားရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

ဖားကန့်မြို့မ ရဲစခန်းအနီးမှာလည်း မတ် ၂၄ ရက် ညနေပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ရဲဒုတပ်ကြပ် ၁ ဦးနဲ့ ရဲတပ်ဖွဲ့ဝင် ၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

“ညနေ ၃ နာရီလောက် ရဲစခန်းအရှေ့မှာ ပေါက်တာ အသံတော့ကျယ်တယ်။ တာဝန်ကျ ဒုတပ်ကြပ်က ခြေထောက်ထိသွားတယ်။ ရဲတပ်သားကလည်း ဗိုက်ကို မိုင်းစထိတယ်။ နောက်တယောက်ကတော့ ဘယ်လိုဖြစ်လဲမသိဘူး သွေးတွေနဲ့တွေ့လိုက်တယ်။ လူနာတင်ကား ချက်ချင်းရောက်လာပြီး တင်သွားတယ်၊ သေမသေတော့ တိတိကျကျမသိရသေးဘူး။” လို့ ရဲစခန်းအနီးနေထိုင်သူ ဒေသခံတဦးက ပြောပါတယ်။

ဖားကန့်မြို့မရဲစခန်းအရှေ့ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ဖားကန့်ဥရုရတနာ ကျောက်စိမ်းတောင် တံတားအနီးပိတ်ဆို့ကာ ရှာဖွေစစ်ဆေးတာတွေ ပြုလုပ်နေပြီး ဘယ်အဖွဲ့က ဖောက်ခွဲတယ်ဆိုတာတော့ မသိရသေးပါဘူး။

ဖားကန့်မြို့နယ်မှာ ဒေသခံပြည်သူတွေဟာ စစ်အာဏာရှင်ဆန့်ကျင်ရေး နေ့စဉ်ဆန္ဒပြနေကြပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂ ရက်နေ့ကလည်း မြို့နယ်ထွေအုပ်ရုံးနဲ့ ဗျူဟာကုန်းအနီးမှာ ဗုံးသုံးကြိမ်ပေါက်ကွဲခဲ့တယ်။

https://burmese.dvb.no/archives/524082

---------------------------------------------------------------------------------------------------------

## လူဦးရေ ရှစ်ထောင်ကျော်ရှိတဲ့ ဂျေယန် စစ်ဘေးဒုက္ခသည်စခန်း စားဝတ်နေရေး အခက်အခဲဖြစ်

2022.03.25

ကေအိုင်အို ဌာနချုပ် လိုင်ဇာအနီးက ဂျေယန် (JE YANG) စစ်ဘေးဒုက္ခသည်စခန်းမှာရှိတဲ့ ဒုက္ခသည် ၈၀၀၀ ကျော်ဟာ အကူအညီတွေ လျော့နည်းလာတဲ့အတွက် စားဝတ်နေရေး အခက်အခဲတွေ ရှိနေကြတယ်လို့ ဂျေယန် IDP ဒုက္ခသည် စခန်း တာဝန်ခံက ဆိုပါတယ်။

ကေအိုင်အို ဌာနချုပ် လိုင်ဇာအနီးက ဂျေယန် (JE YANG) စစ်ဘေးဒုက္ခသည်စခန်းအား ၂၀၂၂ ခုနှစ် မတ် ၂၄ ရက်နေ့က တွေ့ရစဉ် Photo: RFA

**“အရင်ကတော့ တရုတ်ပြည်နယ်စပ်က ငှက်ပျောခြံတွေမှာ နေ့စားသွားပြီး ပိုက်ဆံရှာ လို့ရတယ်။ အခုက Covid နဲ့ နိုင်ငံရေး၊ စစ်ရေးကြောင့် နေ့စားသွားလုပ်ဖို့လည်း မဖြစ်နိုင်ဘူး။ တရုတ်ဘက်ကလည်း ခြံစည်းရိုးအကုန် ပိတ်လိုက်တော့ သွားလို့မရဘူး။ အခုက သူများကူညီတာတွေကိုပဲ ဖြစ်သလို စားသောက်ပြီး နေနေကြတာပါ။ ကူညီတဲ့ သူတွေလည်း ရှိတော့ရှိတယ်၊ ဒါပေမဲ့ တော်တော်နည်းသွားပြီ”**

စစ်ဘေးဒုက္ခသည်တွေ နေရပ်ပြန်ဖို့ကလည်း သူတို့ ရွာတွေမှာ စစ်ကြောင်းတွေ ရှိနေ တာကြောင့် တိုက်ပွဲတွေ ဖြစ်လာမှာကို စိုးရိမ်တဲ့အတွက် ပြန်လို့မရသေးဘူးလို့လည်း စစ်ဘေးဒုက္ခသည်တစ်ဦးက ဆိုပါတယ်။

တရုတ်တွေရဲ့ ငှက်ပျောခြံတွေမှာ အလုပ်လုပ်လို့ မရတော့တာကြောင့် ထမင်းတစ်နပ် စားရဖို့တောင် ခက်ခဲနေပြီလို့ စစ်ဘေးဒုက္ခသည်တစ်ဦးဖြစ်တဲ့ ဒေါ်လွမ်းနန်းက ပြောပါ တယ်။

ကချင်ပြည်နယ် ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးမောက် စတဲ့ မြို့နယ်တွေက စစ်ဘေးဒုက္ခသည် ၈၀၀၀ ကျော်ဟာ ဂျေယန် စစ်ဘေးဒုက္ခသည်စခန်းမှာ နေထိုင်နေတာ ၁၁ နှစ်ကျော် ရှိပါပြီ။

သူတို့ဟာ ၂၀၁၁ ခုနှစ် စစ်တပ်နဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား ပြန်ပြီးဖြစ်ပွားခဲ့တဲ့ တစ်ကျော့ပြန် တိုက်ပွဲတွေကြောင့် အိုးအိမ်စွန့် ခွာထွက်ပြေးလာသူတွေ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/jayan-refugee-camp-03252022041027.html

---

## ဖားကန့်မြို့တွင် စစ်ကောင်စီတပ် ထုတ်ကုန် ရောင်းချမှု KIAက စစ်ဆေးအရေးယူ

By မဇ္ဈိမ | 25 March 2022

ကချင်ပြည်နယ်၊ ဖားကန့်မြို့နှင့် အနီးတစ်ဝိုက် ကျောက်စိမ်းမော်များရှိ ကုန်စုံဆိုင် ၊စားသောက်ဆိုင် ၊ Bar နှင့် KTV များတွင် ရောင်းချခွင့် တားမြစ်ထားသော စစ်တပ်ထုတ်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိကို ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)က လိုက်လံ စစ်ဆေး အရေးယူ ဖျက်ဆီးမှုများ ပြုလုပ်နေကြောင်း သိရသည်။

KIA က ဖားကန့်မြို့နယ် တာဝန်ရှိသူများနှင့်အတူ လိုက်လံ စစ်ဆေးနေပြီး ဆက်လက်ရောင်းချ နေသော စစ်တပ်ထုတ်ကုန်များကို ဖျက်ဆီးခြင်းများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။

ဖားကန့် မြို့နယ်တွင် မတ်လ ၂၀ ရက် နောက်ဆုံးထားကာ အာဏာသိမ်းဦးပိုင်နှင့် အကျိုးတူ လုပ်ငန်းများဖြစ်သော Myanmar Beer ၊Dagon Beer ၊ ABC၊ RUM ၊Andaman Beer ၊ Dagon Gin၊Dagon Extra Strong Beer ၊Dagon single malt larger beer ၊ Mandalay Beer၊Myanmar premium beer နှင့် ဆင်မင်းဘိလပ်မြေများကို ရောင်းချခြင်းမပြုရန် နှင့် ဆက်လက်ရောင်းချပါက အရေးယူမည်ဆိုသည့် အသိပေးစာများကို ဖေဖော်ဝါရီလ ၂၆ ရက်မှ စတင်ကာ ဖားကန့် တစ်မြို့လုံးရှိ ဆိုင်များထံ KIAက လိုက်လံ ဖြန့်ဝေထားပြီးဖြစ်သည်။

ဖားကန့် တစ်မြို့လုံးနီးပါးရှိ ဆိုင်များမှာ KIA ထံမှ စစ်တပ်ထုတ်ကုန် မရောင်းရန် အသိပေးစာ ရရှိပြီးနောက် ရောင်းချခြင်း မပြုကြတော့ဘဲ ဆိုင်အနည်းငယ်ကသာ ဆက်လက်ရောင်းချ နေခြင်းဖြစ်သည်။

https://www.mizzimaburmese.com/article/102787

---

## မတူပီဘက်မှာ စစ်ကောင်စီ အင်အားတိုးချဲ့ပြီး နယ်မြေရှင်းလင်းရေးလုပ်နေ

25 မတ်၊ 2022 | ငြိမ်းချမ်း

ချင်းပြည်နယ်၊ မတူပီမြို့နယ်မှာ စစ်ကောင်စီတပ်တွေ အင်အားတိုးချဲ့နေသလို နယ်မြေရှင်းလင်းရေးတွေ လုပ်ဆောင်နေပါတယ်။ ညမထွက်ရအမိန့်ကို တင်းတင်းကြပ်ကြပ်လုပ်နေပြီး ဒေသခံပြည်သူတချို့လည်း ဖမ်းဆီးခံရပါတယ်။ မတူပီမြို့နယ်ထဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပိုဖြစ်လာမှာကို ချင်း လူ့အခွင့်အရေးအဖွဲ့တွေကလည်း စိုးရိမ်နေကြပါတယ်။ ဒီအကြောင်း ရန်ကုန်ကပေးပို့တဲ့သတင်းကို ကိုငြိမ်းချမ်းက ပြောပြပါမယ်။

မတူပီမြို့နယ်မှာ အင်အားတိုးချဲ့နေတဲ့ စစ်ကောင်စီတပ်တွေဟာ ရွာတွေထဲ ဝင်စစ်ဆေးတာ၊ နယ်မြေရှင်းတာတွေ လုပ်နေပါ တယ်။ မတ်လ ၂၄ ရက်နေ့က မတူပီမြို့နဲ့ ၅ မိုင်လောက်ပဲဝေးတဲ့ ဝေတူးရွာကို

ဝင်ရောက်စစ်ဆေးစဉ်မှာ ဒေသခံရွာသား (၅) ဦးကို ဖမ်းဆီးသွားတယ်လို့ မတူပီမြို့ခံတယောက်က ပြောပြပါတယ်။

“(၅) ယောက်အဖမ်းခံထားရတယ်။ ဟုတ်တယ်။ တယောက်က ကန်ဘောင်က ရေလုပ်သားတွေပါနော်။ ထောက်ခံစာမရလို့ ဖမ်းတယ်တဲ့။ နှစ်ယောက်ကတော့ ဝေတူးရွာက ရွာခံပေါ့။ ဝေတူးရွာ ရွာခံက ခဲယမ်းမီးကျောက်ပေါ့နော်။ ဘိုးဘွားပိုင်လက်နက် တွေပေါ့။ အဟောင်းတွေပေါ့ တူမီးသေနတ်တွေ။ နောက်နှစ်ယောက်ကတော့ ဖုန်းမှာ မက်ဆေ့စာပို့ကြတာလေ။ သူတို့ အချင်းချင်း မေးတာပါ။ အခုဟာ ကြားတာတော့ ဗျူဟာဘက်မှာ လုံခြုံရေးချထားတယ်လို့ပြောတယ်။”

အင်အား ၁၀၀ လောက်ရှိတဲ့ စစ်ကောင်စီတပ်တွေဟာ ကြာသပတေးနေ့က ဝေတူးရွာကိုဝင်ပြီးတော့ သန်းခေါင်စာရင်း စစ်ဆေးတာ၊ လက်ကိုင်ဖုန်း စစ်ဆေးတာလုပ်ခဲ့ပြီး ရွာသား (၅) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားတာပါ။ ဖမ်းဆီးခံထားရသူ ၅ ယောက်ကို မတူပီမြို့ စစ်ဗျူဟာရုံးမှာ ချုပ်ထားတယ်လို့ ဒေသခံတွေကပြောပါတယ်။ မတူပီမြို့ပေါ်မှာလည်း လုံခြုံရေးတွေ တင်းကြပ်ထားတာ ကို သူက ဆက်ပြောပြပါတယ်။

“လုံခြုံရေးနည်းနည်းပျက်တယ်။ အုပ်ချုပ်ရေးပျက်တာပေါ့။ ကာဖျူးအမိန့်က (၇) နာရီ အပြင်မထွက်ရဘူး။ ည (၆) နာရီကျော် အပြင်မထွက်နဲ့ဆိုပြီးတော့မှအတည်ပဲ။ အခြေအနေကလည်း ကျနော်တို့ အသက်ရှူနည်းနည်း ကြပ်တယ်ဗျ။”

ချင်းပြည်တောင်ပိုင်း မင်းတပ်ကနေ မတူပီဘက်ကို စစ်ကောင်စီတပ်ဖွဲ့တွေ အင်အား ထပ်ဖြည့်လာလို့ ဒေသခံ ချင်းကာကွယ်ရေး အဖွဲ့တွေနဲ့လည်း တိုက်ပွဲတွေ ကြိုကြား ကြိုကြားဖြစ်နေပါတယ်။ တိုက်ပွဲအခြေအနေကို မတူပီ ချင်းကာကွယ်ရေးအဖွဲ့ ပြန်ကြား ရေးတာဝန်ခံက ခုလိုပြောပါတယ်။

“ကျနော်တို့ မတူပီဘက်မှာ စစ်ရေးလှုပ်ရှားမှုရှိတာပေ့ါနော်။ စကစဘက်ကလေ။ မင်းတပ်ဘက်ကတက်လာတဲ့ဟာလည်း ရှိတယ်။ အထိုင်ချတဲ့ ဗျူဟာဘက်ကလည်း လောလောဆယ် နယ်မြေရှင်းလင်းရေး လှုပ်ရှားပြီးတော့မှ စစ်ဆင်ရေးပုံစံပေ့ါနော။ ကြားထဲမှာ ကျနော်တို့ရဲ့ ကြားဖြတ်တိုက်ခိုက်မှုတော့ရှိတာပေ့ါနော်။ ဒါနောက်ဆုံးအခြေအနေ။”

မတူပီမြို့နယ်ထဲမှာ စစ်အင်အားတွေ တိုးချဲ့နေပြီး နယ်မြေရှင်းလင်းမှုတွေ လုပ်နေတာမှာ ရွာသားတွေ ဖမ်းဆီးခံရမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ထပ်ဖြစ်လာမှာကို စိုးရိမ်တယ်လို့ ချင်းလူ့အခွင့်အရေးအဖွဲ့ရဲ့ အမှုဆောင်ဒါရိုက်တာ ဇာအုတ်ကလင်ကပြောပါတယ်။

“အခု ကျနော်တို့စိုးရိမ်တာက မင်းတပ်ကနေတက်လာတဲ့ တပ်အင်အားလာဖြည့်တဲ့ အဲဒီတပ်တွေက အဲဒီ နယ်မြေ ဒေသတွေ မှာသူတို့လှုပ်ရှားမှု ဆက်လုပ်လို့ရှိရင် အခုလိုမျိုးပြဿနာတွေ ပိုဆိုးဝါးလာမယ်ဆိုတော့ နည်းနည်း စိုးရိမ်တာပေ့ါ။ စစ်တပ် သူတို့ရောက်တဲ့နေရာတိုင်းမှာ ခရီးသည်ပဲဖြစ်ဖြစ် သူတို့ဖမ်းချင်တဲ့သူဖမ်းပြီးတော့ မတရား သတ်ဖြတ်မှုကတော့ ရှိနေစဥ်ဆဲပါပဲ။ ဒီစစ်တပ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ ဒီလိုဖမ်းဆီးပြီးချုပ်နှောင်တာက ကျနော်တို့စာရင်းအရဆိုလို့ရှိရင် (၉၈၀)ကျော်ပြီ။ အရပ်သားတွေပဲဖြစ်ဖြစ် တခြားခုခံတော်လှန်တဲ့သူပဲဖြစ်ဖြစ် အားလုံး သူတို့သတ်ဖြတ်တာ အယောက် (၂၀၉) ယောက်ရှိပါပြီ။ ကျနော်တို့စာရင်းအရပေ့ါလေ။”

ချင်း လူ့အခွင့်အရေးအဖွဲ့တွေရဲ့ မှတ်တမ်းတွေအရ စစ်ကောင်စီတပ်တွေ ဖမ်းဆီး သတ်ဖြတ်သူတွေထဲမှာ အရပ်သားတွေ ပါဝင်သလို လက်နက်ကိုင် ခုခံတော်လှန်နေသူတွေလည်း ပါဝင်ပါတယ်။ ဇန်နဝါရီလ ပထမပတ်တုန်းကလည်း မတူပီမြို့ နယ်မှာ စစ်ကောင်စီတပ်တွေ လမ်းပြအဖြစ်ခေါ်ဆောင်သွားတဲ့ ရွာသား (၁၀) ဦး သတ်ဖြတ်ခံရတယ်လို့ ချင်း လူ့အခွင့်အရေးအဖွဲ့က ထုတ်ပြန်ထားပါတယ်။ စစ်ကောင်စီ ပြောခွင့်ရကတော့ ရွာသားတွေကိုဖမ်းဆီးသတ်ဖြတ်တာမဟုတ်ဘဲ ချင်းကာကွယ်ရေးအဖွဲ့နဲ့ တိုက်ပွဲဖြစ်ပွါးလို့ ကျဆုံးသွားတဲ့ CDF အဖွဲ့ဝင်တွေဖြစ်တယ်လို့ ပြောပါတယ်။

https://burmese.voanews.com/a/myanmarmilitarycoup-chin-matupi-voaburmese-စစ္အာဏာသိမ္းမႈ-ခ်င္းျပည္နယ္-မတူပီ-ဗီြအိုေအျမန္မာပို္း-/6501333.html

-----------------------------------------------------------------------------------------------

## မုံးကိုးစစ်ဘေးရှောင်များ စားနပ်ရိက္ခာ အခက်အခဲနှင့် ရင်ဆိုင်နေရ

Published By DVB | 25 March, 2022

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မုံးကိုးမြို့နယ်မှာ စစ်ကောင်စီတပ်နဲ့ ကိုးကန့်တပ်မတော် MNDAA တို့ကြား ပြီးခဲ့တဲ့နှစ် ဩဂုတ်လကတည်းကတိုက်ပွဲတွေ စတင်ဖြစ်ပွားခဲ့တာကြောင့် ခရစ်ယာန် ဘုရားကျောင်းနဲ့ ယာယီစစ်ရှောင်စခန်းတွေမှာ စစ်ဘေးရှောင်နေကြတဲ့ ဒေသခံပြည်သူ ၇၀၀ ကျော် စားနပ်ရိက္ခာ ပြတ်လပ်နေပါတယ်။

ဆန်နဲ့ စားသောက်ကုန်တွေ သယ်ယူပို့ဆောင်တဲ့နေရာမှာ စစ်ကောင်စီရဲ့ စစ်ဆေးရေးဂိတ်တွေက တားမြစ်ပိတ်ပင်နေတာကြောင့် ပို့ဆောင်ရတာ အရမ်းအခက်အခဲ ဖြစ်နေတယ်လို့ စစ်ရှောင်တွေကို ကူညီပေးနေသူတစ်ဦးက ဒီဗွီဘီကိုပြောပါတယ်။

“ဆန်ဝယ်စားစရာ ရန်ပုံငွေ ဆိုပြီး သီးသန့်မရှိတဲ့အတွက် မုံးကိုးမြို့ထဲကနေ ဆန်မဝယ်ကြပါဘူး။ လူမှုကူညီရေးအသင်းအဖွဲ့တွေကိုပဲ အကူညီတောင်းပြီးဖြေရှင်းနေရတယ်။ တဖြေးဖြေးနဲ့ ကြာလာတော့ အလှူရှင်တွေ နည်းလာကြလို့ ကလေးတွေကို အရင်က ပုံမှန် တစ်နေ့ကို ထမင်း ၃ ကြိမ်ကျွေးရာ ကနေ အခု မနက်တစ်ကြိမ် ညနေ တစ်ကြိမ်ပဲ ကျွေးနိုင်တော့တယ်” လို့ ပြောပါတယ်။

အရင်က စစ်ဘေးရှောင် ဦးရေ ၅၀၀ ဝန်းကျင်ပဲရှိပေမဲ့ လက်ရှိမှာ လူဦးရေ ၇၀၀ ကျော်အထိတိုးလာတာဖြစ်ပါတယ်။

လူဦးရေထပ်တိုးလာရတာက ကိုးကန့်တပ်မတော် MNDAA က ရွာတွေမှာ စစ်သားသစ် စုဆောင်းဖို့ ခေါ်ယူနေတာရယ် ၊ စစ်တပ်နဲ့တွေ့ရင် ပေါ်တာဆွဲခံရတာကြောင့် စစ်ရှောင်စခန်းတွေကို လာရောက် တိမ်းရှောင်နေကြရတယ်လို့ ဒေသခံတွေထံက ပြောပါတယ်။

မုံးကိုးမြို့နယ်အတွင်းရှိ ကျေးရွာတွေမှာ အသက်မပြည့်မပြည့်သေးတဲ့ ယောကျာ်းလေးတွေအပါအဝင် လူကြီးလူငယ်မရွေး ကိုးကန့်တပ်မတော် MNDAA က တပ်သားသစ်တွေစုဆောင်းနေသလို စစ်တပ်နဲ့ တွေ့ရင်လဲ ပေါ်တာ ဆွဲခံရမှာ စိုးရိမ်နေကြရတယ်လို့ သိရပါတယ်။

ဒုက္ခသည်တွေကို ကူညီပေးဖို့ရာမှာလည်း တရုတ်ကုန်သွယ်ရေးဂိတ်တွေပိတ်ထားပြီး ကြံတွေ အဝယ်ရပ်နေတဲ့အတွက်  ဒေသခံပြည်သူတွေ ငွေကြေး အကျပ်အတည်းနဲ့ စားနပ်ရိက္ခာ အခတ်အခဲတွေရင်ဆိုင်နေလို့ အလှူရှင်တွေများစွာလိုအပ်နေတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/524136

-----------------------------------------------------------------------------------------------

## ရခိုင်ပြည်နယ်က AA ရဲ့ တရားစီရင်ရေးလုပ်ငန်း စစ်တပ် ဖိအားပေးဟန့်တား

25 မတ်၊ 2022 | ရန်နိုင်

ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသား လက်နက်ကိုင် AA အဖွဲ့ထိန်းချုပ်မှု သိပ်မရှိတဲ့ ပြည်နယ်တောင်ပိုင်းက ကျေးရွာတွေကို စစ်ကောင်စီတပ်တွေ ဝင်ရောက်စစ်ဆေးတာ၊ ကျေးရွာတွေအတွင်း စစ်ကြောင်းတွေ ဝင်ထွက်သွားလာမှု များလာတာကြောင့် ဒေသခံတွေ စိုးရိမ်နေကြပါတယ်။ တရားစီရင်ရေး၊ အုပ်ချုပ်ရေးအတွက် AA က ကြီးကြပ်စီစဉ်ထားတဲ့ ULA ရခိုင်အမျိုးသား အဖွဲ့ချုပ် ရုံးတချို့ကိုလည်း ပိတ်ထားရပါတယ်။ ဒီအကြောင်းအပြည့်အစုံ ရန်ကုန်ကလာတဲ့သတင်းကို ကိုရန်နိုင်က ပြောပြပါမယ်။

ရခိုင်ပြည်နယ်တောင်ပိုင်းက တောင်ကုတ်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ လေးတောင် စတဲ့မြို့နယ်တွေက ကျေးရွာတချို့မှာ အခုရက်ပိုင်း အတွင်း စစ်ကြောင်းတွေ ဝင်ရောက် သွားလာတာ၊ စစ်ဆေးတာတွေရှိနေတာကြောင့် ဒေသခံတွေ စိုးရိမ်နေကြပါတယ်။

ကျောက်ဖြူမြို့နယ်၊ စနဲမြို့အတွင်းက ပေါက်ပြင်၊ မင်းပြင် ကျေးရွာဘက်ဆိုရင်လည်း ဒီနေ့ မတ်လ ၂၅ သောကြာနေ့အထိ စစ်ကောင်စီတပ်တွေ သွားလာနေပြီး စစ်ဆေးမှုတွေလည်း လုပ်နေတာကြောင့် တိုက်ပွဲဖြစ်ပွားမှာကို ဒေသခံတွေ စိုးရိမ်နေကြ တယ်လို့ အမည်မဖော်လိုတဲ့ ဒေသခံတဦးက ပြောပါတယ်။

“တပ်မတော်စစ်ကြောင်းတွေကတော့ ဝင်ထွက်သွားလာတာတွေတွေ့နေရတယ်။ မနေ့ကလည်း တွေ့ရတယ် ဒီနေ့လည်း တွေ့ရတယ်၊ ပြည်သူလူထုတွေ ဘာဖြစ်လို့ စိုးရိမ်လဲဆိုတော့ တခုခုဖြစ်လာနိုင်မလားပေါ့နော်၊ နောက်ပြီးတော့ ကျနော်တို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ စစ်ခါနီးပြီဆိုတော့ ပြည်သူတွေက စိုးရိမ်နေတာပေါ့၊ တကယ်လို့ တခုခုဖြစ်ခဲ့ရင် ကျောင်းသားမိဘတွေအနေနဲ့ အခက်အခဲလေးတွေ တွေ့နိုင်တာပေါ့၊ ပြည်သူတွေကလည်း စိုးရိမ်စိတ်တွေ တအားဝင်နေကြတယ်၊ တချို့ဆိုရင် ရွာထဲကို စစ်ကြောင်းတွေဝင်လာရင် ရွာတွေမှာ သိပ်မနေရဲတော့ဘူး။ စိုးရိမ်ကြတာပေါ့။”

အခုလို ကျေးရွာတွေအတွင်း စစ်ကောင်စီတပ်တွေ ဝင်ထွက်သွားလာနေတာကြောင့် ဒေသတွင်း တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေး ပိုင်းအတွက် AA က ကြီးကြပ်စီစဉ်ထားတဲ့ ULA ရခိုင်အမျိုးသားအဖွဲ့ချုပ် တရားရုံးတွေကို ပိတ်ထားရတာတွေရှိတယ်လို့လည်း ဒေသခံတဦးက ပြောပါတယ်။

“အဲဒါလေးတွေတော့ ရှိတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထုတွေ အခက်အခဲတွေရှိရင် ULA ရုံးမှာ ဖြေရှင်းနေကြ ဆိုတော့ သူတို့ဝင်လာရင် ရုံးတွေကိုပိတ်ပြီး တနေရာကို ရှောင်ကြတာပေါ့ ပိတ်ထားတာတော့ဟုတ်တယ်။”

ရခိုင်ပြည်နယ်မှာ ရခိုင်တိုင်းရင်းသားလက်နက်ကိုင် AA အဖွဲ့နဲ့ စစ်တပ်တို့ကြား အပစ် အခတ်ရပ်စဲထားချိန်မှာ AA အဖွဲ့က အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးပိုင်းတွေကို အာရုံစိုက် လုပ်နေပါတယ်။ AA အင်အားကောင်းတဲ့နေရာတွေမှာ တရားသူကြီးတွေ၊ ရှေ့နေ တွေ၊ ဒေသခံ ရခိုင်ပြည်သူတွေပါဝင်တဲ့ ULA တရားရုံးတွေကိုလည်း မြို့ နယ်တွေမှာ ဖွင့်လှစ်ထားပါတယ်။ ဒီရုံးတွေကို စစ် ကောင်စီဘက်က တရားဝင် အသိအမှတ်မပြုပေမဲ့ ဒေသခံပြည်သူတွေကတော့ ပြဿနာဖြစ်လာရင် AA စီစဉ်ဖွင့်ထားတဲ့ ULA တရားရုံးတွေမှာပဲ သွားရောက်တိုင်ကြား ဖြေရှင်းနေကြတာများပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းက မြို့နယ်တော်တော်များများမှာ AA အဖွဲ့က စစ်ရေးအပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးပိုင်း ထိန်းချုပ်ထားနိုင်ပေမယ့် ရခိုင်ပြည်နယ်တောင်ပိုင်းမှာတော့ AA အဖွဲ့ရဲ့ထိန်းချုပ်မှု သိပ်မရှိလှပါဘူး။ အခုလို AA အဖွဲ့ထိန်းချုပ်မှုရော စစ်ရေး အရပါ အားနည်းနေတဲ့ ရခိုင်တောင်ပိုင်းကမြို့နယ်တွေမှာ AA ရဲ့လွှမ်းမိုးမှုကို တားဆီးဖို့ စစ်တပ်က လုပ်နေပုံရတယ်လို့ ရခိုင်နိုင်ငံရေးလေ့လာသုံးသပ်သူ လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဖေသန်းက ပြောပါတယ်။

“အများအားဖြင့် ကျနော်တို့ ရခိုင်ပြည်နယ် တောင်ဘက်ခြမ်းလို့ပြောရမှာပေါ့၊ ULA/AA ဩဇာသက်ရောက်မှု နည်းတဲ့နေရာတွေ ဖြစ်တဲ့ တောင်ကုတ်တို့ ရမ်းဗြဲတို့ ကျောက်ဖြူတို့ပေါ့၊ အဲဒီနေရာမှာ ULA အုပ်ချုပ်ရေး တရားစီရင်ရေးတွေတော့ ရှိတယ်၊ ဒါပေမယ့် စစ်ရေးအားဖြင့် ပိုပိုသာသာ ဒီဘက်က မရှိသေးတဲ့အခါ အဲဒီကရွာတွေကို စစ်ကောင်စီဘက်က သူတို့ရဲ့ဩဇာအာဏာ လွှမ်းခြုံနိုင် ရေးအတွက်ပေါ့၊ လာရောက်စစ်ဆေးတာတွေ ရုံးတွေရှိလား၊ တရားရုံးတွေဖွင့်ပြီးတော့ ဒီဘက်က လုပ်နေတယ်ဆိုတဲ့အသံကို ကြားတော့ တရားရုံးရှိတဲ့ရွာတွေကို သူတို့လာရောက်ပြီးတော့ စစ်ဆေးတာတို့ ရှာဖွေတာတို့ အဲဒါကြောင့် တရားရုံးတွေတော့ အဲဘက်မှာ ပုံမှန်အားဖြင့် မလည်ပတ်နိုင်တဲ့ အခြေအနေမျိုး ရောက်သွားတာပေါ့။”

ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ်တော်တော်များများမှာ AA ရဲ့တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးလုပ်ငန်းတွေ အတော် ခရီးရောက် နေပုံရတဲ့အတွက် တောင်ပိုင်းမှာ အဲလိုဖြစ်လာမှာကို စစ်ကောင်စီက စိုးရိမ်ပုံရတယ်လို့လည်း ဦးဖေသန်းက သုံးသပ်ပါတယ်။

“တရားရေးနဲ့ အုပ်ချုပ်ရေးပိုင်းကို ပြန်လည်တည်ဆောက်တဲ့သဘောပေါ့၊ ULA/AA ရဲ့ ဩဇာအာဏာ အဲဒီဘက်မှာ ပိုပြီးတော့ တိုးလာမှာကို သူတို့ကမကြိုက်ဘူးပေါ့၊ အဲဒါကြောင့် သူတို့က ဒီဘက်က လုပ်ငန်းတွေကိုလည်း ခြေဖျက်တယ်၊ ပြီးတော့ သူတို့ ဘက်က အုပ်ချုပ်ရေးတို့ တရားရေးတို့ကို သူတို့က ပိုပြီးတော့ လုပ်နိုင်လာအောင် ဒီဘက်ကို ခြေဖျက်တဲ့သဘောပေါ့။”

စစ်ကောင်စီတပ်တွေရဲ့ စစ်ရေးလှုပ်ရှားမှုတွေကို ရခိုင်တောင်ပိုင်းမှာတင်မဟုတ်ဘဲ ရခိုင်ပြည်နယ်မြောက်ပိုင်းက တချို့ဒေသတွေ မှာလည်း လုပ်နေပါတယ်။ စစ်တွေမြို့မှာဆိုရင် စစ်သားအပြည့်တင်ဆောင်ထားတဲ့ စစ်ကားတွေ နေ့တိုင်း သွားနေတာရှိသလို ပေါက်တောမြို့နယ်ဘက်မှာလည်း ကျေးရွာတွေကို ဝင်ရောက်စစ်ဆေးတာတွေရှိနေတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။ မင်းပြားမြို့နယ်အတွင်းက စစ်တပ်စစ်ကြောင်းတွေ စခန်းချနေထိုင်တဲ့ ပန်းမြောင်းကျေးရွာမှာဆိုရင်လည်း ကျေးရွာအတွင်း ရခိုင်အမျိုးသားသီချင်းတွေ မဖွင့်ဖို့ ပြောဆိုတာတွေရှိတယ်လို့လည်း ဒေသခံတွေကပြောပါတယ်။

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လကုန်ပိုင်းလောက်ကတည်းက တပ်မတော်နဲ့ AA အဖွဲ့ကြားတို က်ပွဲတွေ ရပ်တန့်ထားတာ ဖြစ်သလို တပ်နဲ့ AA အဖွဲ့တို့ရဲ့ နယ်မြေခေါင်းဆောင်တွေ သီးသန့် တွေ့ဆုံးဆွေးနွေးတာတွေလည်း ရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းကစပြီး ရခိုင်လက်နက်ကိုင် AA အဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်မှာ အုပ်ချုပ်ရေးပိုင်းနဲ့ တရားစီရင်ရေးပိုင်းတွေကို ကိုင်တွယ် ထိန်းချုပ်နိုင်ဖို့ စတင်လုပ်ဆောင်လာတာဖြစ်ပါတယ်။

စစ်တပ်ဘက်ကတော့ ရခိုင်ပြည်နယ်မှာ ULA/ AA အဖွဲ့ရဲ့ တရားစီရင်မှုတွေထဲ ဝင်ရောက်ပတ်သက်ခြင်း မလုပ်ဖို့၊ ULA/AA အဖွဲ့ဝင်တွေရှိရင် သတင်းပေးဖို့ ဒေသခံတွေကို နှုတ်နဲ့တားမြစ်တာတွေ ရှိတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

https://burmese.voanews.com/a/rakhine-arakan-ula-aa-voaburmese-ရခုိင်-ဗိြအိုေအျမန္မာပိုင်း-/6501279.html

---

## စစ်ကောင်စီရဲ့ ဒုက္ခသည်စခန်းပြောင်းရွှေ့ရေးအစီအစဉ် မွတ်စလင်ဒုက္ခသည်တွေ လက်မခံ

2022.03.25

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ကျောက်တစ်လုံး မွတ်စလင်ဒုက္ခသည်စခန်းအသစ် ဆောက်လုပ်နေမှုအား ၂၀၂၂ မတ်လ ၂၃ ရက်နေ့က တွေ့ရစဉ် Photo: RFA

**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်တစ်လုံးဒုက္ခသည်စခန်းမှာ ခိုလှုံနေတဲ့ မွတ်စလင် အိမ်ထောင်စု ၃၇၆ စုက လူဦးရေ ၁၀၀၀ ကျော်ကို မြို့နဲ့ သုံးမိုင်လောက်ဝေးတဲ့ နေရာ တစ်ခုဆီ ပြောင်းရွှေ့ပေးဖို့ စစ်ကောင်စီက စီစဉ်နေပါတယ်။**

ပြောင်းရွှေ့ရမယ့် နေရာသစ်မှာ ဆေးခန်းတွေ၊ လူနေဆောင်တွေ ဆောက်လုပ်နေဆဲဖြစ်ပြီး ပြောင်းရွှေ့ရမယ့် ရက်ကိုတော့ စစ်ကောင်စီဘက်က မပြောသေးဘူးလို့ ဒုက္ခသည်တွေက ပြောပါတယ်။ ဒါပေမဲ့ အခုစီစဉ်နေတဲ့နေရာဟာ မြို့နဲ့အလှမ်းဝေးလို့ ဒုက္ခသည်တွေက မပြောင်းရွှေ့လိုကြပါဘူး။

**"ကျနော်တို့မှာက ဘာမှရွေးချယ်မှု မရှိတော့တဲ့အတွက် တရားမျှတမှုအစိုးရတစ်ရပ် တက်လာအောင်ပဲ မျှော်လင့်ရတော့မယ်”**

ကျောက်ဖြူမြို့နဲ့ နီးမယ့်နေရာကို ပြောင်းရွှေ့ပေးဖို့ ပြောပေမယ့် စစ်ကောင်စီက သူတို့ရဲ့ ဆန္ဒကို အလေးမထားဘူးလို့ အမည်မဖော်လိုတဲ့ မွတ်စလင်ဒုက္ခသည်တစ်ဦးက RFA ကို ပြောပါတယ်။

**“NLD အစိုးရလက်ထက်ကတည်းက ပြောင်းဖို့လုပ်နေတာပေါ့နော်။ ဒါပေမဲ့ ကျနော်တို့ စခန်းကလူတွေက လက်မခံတဲ့အတွက် သူတို့က မပြောင်းဖြစ်ခဲ့ဘူး။ အခုတော့ အာဏာသိမ်းပြီးနောက်ပိုင်းမှာ**

**ငါတို့ပြောင်းတယ်ကွာဆိုပြီး ပြောင်းမယ့်သဘောပဲ။ အဲဒီနေရာမှာ မနေချင်တဲ့အကြောင်းကို ကျနော်တို့ ပြောပါတယ်။ ဒါပေမဲ့ သူတို့က ဘယ်လိုလုပ်လဲဆိုတော့ အရင်စခန်းကော်မတီဝင်တွေကို ဖြုတ်ပစ်လိုက်တယ်။ နောက်ပြီး အသစ်ကော်မတီတစ်ခု ဖွဲ့လိုက်တယ်။ သူတို့နဲ့ပဲ ဆက်လုပ်သွားတယ်။ လူထုရဲ့ သဘောဆန္ဒတွေကို မမေးဘူး”**

အခုလို အခက်အခဲတွေကို မီဒီယာတွေကို သတင်းပေးဖြေကြားရင် အာဏာပိုင်တွေရဲ့ စစ်ဆေးမေးမြန်းခံရတဲ့အတွက် ဒုက္ခသည်တွေက အမည်မဖော်လိုကြတာပါ။

မွတ်စလင်ဒုက္ခသည်တွေဟာ ကျောက်ဖြူ မြို့ပေါ် ရပ်ကွက်ဖြစ်တဲ့ အရာရှိရပ်ကွက်၊ ပိုက်သည်ရပ်ကွက်၊ သမ္မာန်ချောင်း ရပ်ကွက်နဲ့ ပြင်ဖြူမော်ရပ်ကွက်တွေမှာ နေထိုင်ခဲ့ ကြသူတွေပါ။

၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ဘာသာရေး ပဋိပက္ခတွေကြောင့် အိုးအိမ်တွေ ပျက်စီးခဲ့ရပြီး အဲဒီကတည်းက ကျောက်တစ်လုံးဒုက္ခသည်စခန်းမှာ ခိုလှုံနေရတာဖြစ် ပါတယ်။

ကျောက်တစ်လုံးဒုက္ခသည်စခန်း ပိတ်သိမ်းရေးနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ NLD အစိုးရ လက်ထက်ကတည်းက လုပ်ဆောင်နေတာပါ။ လူနေအိမ် ၃၆၃ လုံးနဲ့ စာသင်ကျောင်း၊ ဆေးပေးခန်း၊ အုပ်ချုပ်ရေးမှူးရုံး၊ ရေရရှိရေးနဲ့ မီးရရှိရေး အပါအဝင် မြေယာလျော်ကြေး ပေးဖို့အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် အရေးပေါ် ရန်ပုံငွေထဲကနေ ငွေကျပ် သန်းပေါင်း ၂၀၀၀ ကျော်အထိ အသုံးပြုဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီအချိန်ကလည်း မွတ်စလင်ဒုက္ခသည်တွေက သူတို့ရဲ့ မူလနေရာကို ပြန်မနေရရင် တောင် မြို့နဲ့အနီးဆုံးနေရာမှာ နေရာချပေးဖို့ကို တောင်းဆိုခဲ့ကြပါတယ်။

သူတို့အနေနဲ့ အခုစီစဉ်နေတဲ့ နေရာသစ်ကို လုံးဝမပြောင်းချင်ဘူးလို့ မွတ်စလင်ဒုက္ခသည် တစ်ဦးက ပြောပါတယ်။

**“ကျနော်တို့ကနေပြီးတော့ အဲဒီဘက်ကို လုံးဝမပြောင်းချင်ဘူး။ ကျနော်တို့ကတော့ အရင်တုန်းကလို ရခိုင်တွေနဲ့ တူတူနေချင်တယ်။ မြို့မှာပဲ ကျနော်တို့ လွတ်လွတ် လပ်လပ် လုပ်ကိုင်စားသောက်ချင်တယ်။ အခုနေရာက သီးခြားဖြစ်နေတယ်။ အဲဒီ နေရာမှာ ကျနော်တို့ လုံးဝမနေချင်ဘူး။ ကျနော် တစ်ယောက်တည်း မဟုတ်ဘူး။ ဒီဒုက္ခသည်စခန်းမှာရှိတဲ့ မိသားစုဝင်တိုင်းက တစ်ယောက်မှ နေချင်စိတ်မရှိဘူး။ ဒါပေမဲ့ အတင်းလုပ်ရင်တော့ မတတ်နိုင်ဘူးလေ။ ဟိုမှာ နေရာချပေးမယ်ဆိုတာကို လူတိုင်းက သောကရောက်နေကြတယ်”**

မွတ်စလင်ဒုက္ခသည်တွေဟာ သူတို့ဘဝ ရပ်တည်ရေးအတွက် ငါးဖမ်းလှေတွေနဲ့ မြို့ပေါ်က တခြားလုပ်ငန်းတွေမှာ နေ့စားအလုပ်တွေ၊ ကြုံရာကျပန်းအလုပ်တွေကို လုပ်ကိုင်နေရတာ ဖြစ်လို့ မြို့နဲ့ ဝေးတဲ့နေရာကို ပြောင်းရွှေ့ဖို့ အဆင်မပြေဘူးလို့ သူက ပြောပါတယ်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ကထောက်ပံ့တဲ့ လူတစ်ယောက်အတွက် တစ်ရက် ငွေကျပ် ၅၀၀ ကို အဓိကမှီခိုနေရတာ ဖြစ်ပါတယ်။ ဒီထောက်ပံ့မှုက စားဖို့မလုံလောက် တဲ့အတွက် ဒုက္ခသည်အများစုဟာ သူတို့အရင်က နေထိုင်ခဲ့တဲ့ မြေနေရာတွေကို ရောင်းချ ခဲ့ရပါတယ်။

ရိုဟင်ဂျာလွတ်မြောက်ရေးညွှန့်ပေါင်းအဖွဲ့ ပူးတွဲထူထောင်သူ ကိုနေဆန်းလွင်ကတော့ သူတို့ရဲ့ မူလနေရာမှာ ကိုယ်ပိုင်အိမ်ရှိနေသေးတဲ့သူတွေကို သူ့နေရာကိုပြန်ခွင့်ပေးပြီး နေအိမ်မရှိတော့တဲ့သူတွေကိုတော့ မြို့နဲ့ အနီးဆုံးမှာပဲ နေရာချပေးသင့်တယ်လို့ ပြောပါတယ်။

**“ကျောက်တစ်လုံးမှာရှိတဲ့ ဒုက္ခသည်တွေထဲက ကိုယ်ပိုင်အိမ်ရှိသေးတဲ့သူတွေကို သူ့နေရာကိုသူ သွားခွင့်ပေးပြီးတော့ အဲဒီမှာ အိမ်မရှိတော့ဘူး၊ နေဖို့ထိုင်ဖို့မရှိတော့တဲ့ သူတွေကျတော့ မြို့နဲ့အနီးဆုံးကိုပဲ ပေးသင့်တယ်လို့ ထင်ပါတယ်။ ဒါကတော့ တရား မျှတမှုပေါ့နော်။ မြို့ရဲ့အစွန်အဖျားမှာ လုပ်ကိုင်စားသောက်လို့ မရအောင်ထားခြင်းက ဒုက္ခသည်စခန်းတစ်ခုကနေ နောက်ဒုက္ခသည်စခန်းတစ်ခုကို**

**ပြောင်းလိုက်တဲ့သဘောပဲ။ ကျနော်တို့မှာက ဘာမှရွေးချယ်မှု မရှိတော့တဲ့အတွက် တရားမျှတမှုအစိုးရတစ်ရပ် တက်လာအောင်ပဲ မျှော်လင့်ရတော့မယ်”**

*ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ကျောက်တစ်လုံး မွတ်စလင်ဒုက္ခသည်စခန်းအသစ် ဆောက်လုပ်နေမှုအား ၂၀၂၂ မတ်လ ၂၃ ရက်နေ့က တွေ့ရစဉ် (Photo: RFA)*

ကျောက်ဖြူ မြို့နဲ့အနီးဆုံးနေရာကို ပြောင်းရွှေ့ပေးဖို့ မွတ်စလင်တွေ တောင်းဆိုတာနဲ့ ပတ်သက်လို့ ရခိုင်ပြည်နယ် စစ်ကောင်စီကို RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားခဲ့ ပေမယ့် ဖုန်းလက်ခံဖြေကြားတာ မရှိပါဘူး။

ရခိုင်ပြည်နယ်မှာ ဒုက္ခသည် ပြန်လည်နေရာချထားရေးနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကတည်းက စစ်ကောင်စီရဲ့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာ ချထားရေးဝန်ကြီး ဒေါ်သက်သက်ခိုင်၊ နယ်စပ်ရေးရာဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နဲ့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းတို့အဖွဲ့ဟာ ကျောက်တစ်လုံး ဒုက္ခသည်စခန်း အပါအဝင် မွတ်စလင်ဒုက္ခသည်စခန်းတွေကို သွား ရောက်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ် ပဋိပက္ခအတွင်း ရခိုင်ပြည်နယ်က မွတ်စလင်အများအပြားဟာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသလို ၂၀၁၇ ခုနှစ်ကလည်း ဘူးသီးတောင်၊ မောင်တောမြို့နယ်တွေမှာ စစ်တပ်ရဲ့ နယ်မြေရှင်းလင်းရေးကြောင့် မွတ်စလင် ခြောက်သိန်းကျော်ဟာ ဘင်္ဂလားဒေ့ရှ် နိုင်ငံကို ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။

သူတို့အားလုံးဟာ အခုအချိန်ထိ နေရပ်မပြန်နိုင်ကြသေးဘဲ ဒုက္ခသည်စခန်းတွေမှာ အခက်အခဲအမျိုးမျိုးနဲ့ နေထိုင်နေရဆဲ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/military-councils-plan-to-relocate-refugees-does-not-accept-muslim-refugees-03252022051424.html

----------------------------------------------------------------------------------------------------

## သျှမ်းအမျိုးသားကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် လိုအပ်

By SHAN - March 25, 2022

သျှမ်းပြည် တောင်ပိုင်းအတွင်း မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့နှင့် RCSS တို့ နယ်မြေစိုးမိုးရေး တိုက်ပွဲများကြောင့် ပိတ်ထားခံရသည့် သျှမ်းအမျိုးသားကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ပြည်သူများက တောင်းဆိုလိုက်သည်။

ထိုကျောင်းများသည် သျှမ်းပြည်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်၊ လဲချားနှင့် ပင်လုံမြို့နယ်တို့တွင် ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၁ နှစ်ကုန်ပိုင်းမှ စတင်ကာ ယခု ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများစစ်ရှောင်နေရပြီး ဒေသခံကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော သျှမ်းအမျိုးသားကျောင်း ၅၀ ကျော်လည်း ပိတ်ထားခဲ့ရကြောင်း ဒေသခံများက ပြောသည်။

“တိုက်ပွဲဖြစ်ပြီဆိုတာနဲ့ ဆရာ/ဆရာမတွေလည်း ဘယ်နေရဲမလဲ၊ ရှောင်ကြရတာပေါ့။ ရှောင်တော့ ကလေးတွေ ပညာရေးပဲထိခိုက်တာပေါ့နော်။ ပြန်ဖွင့်ပေးဖို့လိုအပ်တယ်” ဟု မိုင်းလင်းကျေးရွာအုပ်စုမှ ကျောင်းဆရာတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

အဆိုပါကျောင်းများသည် ဒေသခံများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့်ဆောက်ထားသည့်ကျောင်းများဖြစ်ပြီး ကိုဗစ်ကာလ၊ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် စီးပွါးရေးခက်ခဲသည့် ဒေသခံများက ကျောင်းဆရာ/ဆရာမ များအတွက် လုပ်အားခ၊ ဉာဏ်ပူဇော်ခ အပြည့်အဝ မပေးနိုင်ခဲ့ကြောင်းလည်း အထက်ပါကျောင်းဆရာ က ပြောသည်။

သျှမ်းပြည်အတွင်း သျှမ်းကိုယ်စားပြုလက်နက်ကိုင်တပ်ဖွဲ့ ၂ ဖွဲ့က ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဆရာ/ဆရာမများနှင့် ဒေသခံများ စစ်ရှောင်နေရပြီး တချို့ပြည်သူများသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးနေရသည်။

လက်ရှိအချိန်တွင် တိုက်ပွဲများ ငြိမ်နေပြီဖြစ်သော်လည်း ရွာသားများအနေဖြင့် ပြန်လည်ထူထောင်မှုများ လုပ်ဆောင်နေရသောကြောင့် ပိတ်ထားရသည့်ကျောင်းများ ပြန်မဖွင့်နိုင်သေးပေ။

ထို့ကြောင့် မိုင်းလင်းကျေးရွာအုပ်စုမှ သျှမ်းအမျိုးသားကျောင်း အပါအဝင် ကျေးသီး၊ မိုင်းကိုင်၊ လဲချား၊ ပင်လုံမြို့နယ်များအတွင်းရှိ ပိတ်ထားရသည့် သျှမ်းအမျိုးသားကျောင်းများအတွက် ဆရာ/ဆရာမ များနှင့် ကျောင်းသုံးပစ္စည်းများအား ကူညီပံ့ပိုးပေးမည့် အလှူရှင်/အဖွဲ့အစည်းများရှိပါက ဒေသတွင်းကလေးငယ်များ တိုးတက်ရေးရှေးရှု၍ ကျောင်းများပြန်လည် ဖွင့်လှစ်လိုကြောင်း ဒေသခံများက ပြောဆိုလိုက်သည်။

"ဘယ်အဖွဲ့အစည်းမဆို အမျိုးသားရေးအတွက်လုပ်နေတယ်ဆိုရင်ပေါ့၊ ဒီကလေးတွေပညာရေးကိုလဲ အမျိုးသားရေး အမြင်နဲ့မြင်ပြီး ထောက်ပံ့ကူညီပေးစေလိုပါတယ်၊ အခုတိုက်ပွဲလည်း ငြိမ်ပြီဆိုတော့ ကျနော်တို့ ဒေသခံအနေနဲ့ဆိုရင် ကလေးတွေရဲ့ ပညာရေးကို ရှေးရှုပြီး ပြန်ဖွင့်ချင်တာပေါ့" ဟု ပညာရေးကဏ္ဍတွင် ပါဝင်လှုပ်ရှားသည့် အမည်မဖော်လိုသူ ဒေသခံအမျိုးသားက သျှမ်းသံတော်ဆင့်ကို ပြောသည်။

လက်ရှိ သျှမ်းအမျိုးသားကျောင်းများပိတ်ခံထားရသည့်နေရာသည် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) တို့ နယ်မြေစိုးမိုးထားသည့်နေရာဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ဒေသအတွင်း သွားလာလှုပ်ရှားနေသည့် SSPP/SSA တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဖုန်းဟန်ကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာ ဒေသတွင်းနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို လှုပ်ရှားဆောင်ရွက်မည်ဖြစ်ကြောင်း သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ပညာရေးအပိုင်းမှ မဟုတ်ဘူး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုတွေ ကျနော်တို့ တတ်စွမ်းသလောက် လုပ်ဖို့ ပေါ်လစီအရလည်း ရှိပြီးသား၊ ဘာတွေကို ဘယ်လိုနေရာမှာ လိုအပ်လဲဆိုတာ ပြောပြလို့ရတယ်၊ တင်ပြလို့ရတယ်၊ ကျနော်တို့ဘက်ကနေ ကူညီထောက်ပံ့ပေးဖို့ အသင့်ပါပဲ" ဟု ဗိုလ်မှူး ဖုန်းဟန်က ပြောသည်။

ထို့အပြင် ထွက်ပြေးတိမ်းရှောင်နေသည့် ပြည်သူများနှင့် ဆရာ/ဆရာမများကိုလည်း စိုးရိမ်ကြောက်လန့်မှု မဖြစ်ကြရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးပိုင်း ဖွံ့ဖြိုးတိုးတက်ရေး အတူတကွ လက်တွဲ ဖော်ဆောင်ရန်အတွက် ပိတ်ပင်တားဆီးမှုမရှိကြောင်းလည်း ဗိုလ်မှူး ဖုန်းဟန်က ဆက်ပြောသည်။

သျှမ်းပြည်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်၊ လဲချား၊ ပင်လုံ၊ မိုင်းနောင် စသည့်မြို့နယ်အသီးသီးတွင် မူလတန်းနှင့် မူလွန်အဆင့် သျှမ်းအမျိုးသားကျောင်းများစွာရှိနေပြီး ဒေသတွင်းကျေးရွာနေ ကလေးသူငယ်များ၏ ပညာသင်ယူရာ ဖြစ်ကြောင်းလည်း သိရသည်။

https://burmese.shannews.org/archives/27500

----------------------------------------------------------------------------------------------------

## ကျောက်မဲ စစ်ရှောင် ၄၀၀ ခန့် ကျန်နေဆဲ

By SHAN - March 25, 2022

သျှမ်းပြည် မြောက်ပိုင်း ကျောက်မဲမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းများတွင် စစ်ရှောင် (၄၀၀) ခန့်ကျန်ရှိပြီး၊ ထိုထဲတွင် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ နှင့် ကလေးငယ်များသာ အများစု ဖြစ်ကြောင်း စုံစမ်းသိရသည်။

ပြီးခဲ့သည့် နှစ်လယ်ပိုင်းကတည်းက ကျောက်မဲမြို့နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်တပ်အချင်းချင်း တိုက်ပွဲဖြစ်ပွားမှုကြောင့် ထွက်ပြေးတိမ်းရှောင်လာကာ နေရပ်မပြန်နိုင်သေးသည့် စစ်ရှောင်ပြည်သူလည်း များစွာ ကျန်ရှိနေဆဲဖြစ်ပြီး အခြားမြို့များသို့ အလုပ်သွားလုပ်ကြသူများလည်းရှိနေကြောင်း စစ်ရှောင်ကူညီသူထံမှ သိရသည်။

"အများစုက လူကြီးပိုင်းရယ်၊ အမျိုးသမီးနဲ့ ကလေးတွေပဲကျန်တယ်။ တချို့က တခြားမြို့ကို သွားပြီး အလုပ်သွားလုပ်ကြတယ်။ ဖားကန့်ဘက်သွားတာရော၊ တရုတ်ပြည်ဘက်သွားတာရောရှိတယ်။ တချို့က မြို့ထဲမှာ သူတို့ အသိတွေဆီကနေ အလုပ်တွေ လုပ်နေကြတာ။ နေရပ်ပြန်သွားတာတော့ မဟုတ်ဘူး" ဟု ကျောက်မဲ သျှမ်းစာပေနှင့် ယဥ်ကျေးမှု အသင်း ဥက္ကဋ္ဌ လုံးလျှန်းဟန် က သျှမ်းသံတော်ဆင့်ကို ပြောသည်။

ကျောက်မဲမြို့နယ်အတွင်း နေရပ်မပြန်သေးသည့် စစ်ဘေးရှောင်များမှာ ဟူးစွန်၊ တွန်ဟိတ်၊ ခြုံးသစ်၊ ခြုံးဟောင်း၊ ဟိန်းဝိုး ကျေးရွာတို့မှ အပါအဝင် အခြားကျေးရွာများမှ စစ်ရှောင်လာသည့် ပြည်သူများလည်း နေရပ်မပြန်နိုင်သေးကြောင်း သိရသည်။

အဆိုပါ စစ်ဘေးရှောင်များ နေရပ်ပြန်ချိန်တွင် လုံခြုံစိတ်ချရမှု ရှိဖို့အတွက် နယ်မြေထိန်းချုပ်ထားသည့် လက်နက်ကိုင်အဖွဲ့နှင့် ယခုလ အစောပိုင်းက တွေ့ဆုံမှု ပြုလုပ်ခဲ့သေးကြောင်း သိရသည်။
"သူတို့နေရပ် ပြန်နိုင်ဖို့အတွက် ဆိုတာက ကျနော်တို့တွေလည်း လုပ်ပေးခဲ့ပါတယ်။ နားလည်ပါတယ်။ ကျနော်တို့ ထိန်းချုပ်တဲ့ နယ်မြေထဲမှာ ရှိတယ် ဆိုရင်တော့ ချိတ်ဆက်မှုတွေ ရှိရမယ်။ ဆက်သွယ်ပြီး ကူညီကြတာပေါ့။ ပြည်သူတွေရဲ့ အခက်ခဲဟာ ကျနော်တို့ရဲ့ အခက်ခဲပဲ။ ကျနော်တို့ရဲ့ အခက်ခဲကလည်း ပြည်သူတွေရဲ့ အခက်ခဲပဲ။ ဒါပေမယ့် တချို့နေရာမှာက ပြင်ပ ပရောဂတွေ ရှိနေလား ဆိုတာတော့ ကျနော်လည်း မပြောတတ်ဘူး" ဟု (SSPP/SSA) မှ ဗိုလ်မှူး ဖုန်းဟန် က သျှမ်းသံတော်ဆင့်ကို ပြောသည်။

ထိုစစ်ရှောင်များသည် ကျောက်မဲမြို့နယ် သျှမ်းစာပေနှင့် ယဥ်ကျေးမှု စစ်ရှောင်စခန်း၊ ရပ်ကွက် ၈ ဓမ္မာရုံ၊ မိုင်းတင်းကျေးရွာအုပ်စုအတွင်း နှင့် မိုင်းငေါ့မြို့တို့တွင် စစ်ရှောင်ခိုလှုံနေကြတာဖြစ်ပြီး လူဦးရေ (၄၀၀)ဝန်းကျင် ကျန်ရှိနေဆဲ ဖြစ်ကြောင်း သိရသည်။

https://burmese.shannews.org/archives/27488

-----------------------------------------------------------------------------------------------

## SNLD ရပ်တည်ချက်အတိုင်း ငွေစာရင်းကို UEC ထံ သွားရောက်စစ်ဆေးခံမည် မဟုတ်

By SHAN - March 25, 2022

စစ်ကောင်စီလက်အောက်ခံ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်(UEC)ထံ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)က ရပ်တည်ချက်အတိုင်း ငွေစာရင်းသွားရောက်စစ်ဆေးခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

SNLD

SNLD နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီတို့သည် UEC ညွှန်ကြားချက်အတိုင်း စစ်ဆေးခံခြင်း မရှိခဲ့သည့်အတွက် UEC က မတ် ၂၇ ရက် နောက်ပိုင်း အရေးယူမည်ဖြစ်ကြောင်း ယမန်နေ့ (မတ် ၂၄ ရက်) သတင်းစာရှင်းလင်းပွဲတွင် UEC က ထပ်မံကြေညာခဲ့သည်။

ထိုပါတီ (၂)ခုကို မတ် (၉)ရက် နောက်ဆုံးထားပြီး UEC ရုံးထံ လာရောက်စစ်ဆေးခံရန် အကြောင်းကြားခဲ့သော်လည်း ပျက်ကွက်ခဲ့သည့်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၄ ပုဒ်မခွဲ ဂ၊ ဃ၊ င တို့အရ အရေးယူမည်ဖြစ်ကြောင်း UEC အဖွဲ့ဝင် ဦးခင်မောင်ဦး က ပြောသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး SNLD ပါတီ အထွေထွေအတွင်းရေးမှူး စိုင်းလိတ် က "ကျနော်တို့ရဲ့ CEC ဆုံးဖြတ်ချက် အတိုင်းပဲ ဆက်လက်ရပ်တည်မှာဖြစ်ပါတယ်။ အပြောင်းအလဲမရှိပါဘူး ခင်ဗျာ။ အရေးယူရမယ့်အပိုင်းက သူတို့အပိုင်းပေါ့။ ကျနော်တို့ရပ်တည်ချက်အတိုင်းပဲ ဆက်လက်ပြီးတော့မှ ရင်ဆိုင်သွားမှာ ဖြစ်ပါတယ်။ သွားရောက် အစစ်ခံဖို့ အစီစဥ်မရှိပါဘူးခင်ဗျာ"ဟု သျှမ်းသံတော်ဆင့် ကို ပြောသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် (UEC) အနေဖြင့် ပါတီ၏ ငွေစာရင်းစစ်ဆေးရန် လိုအပ်ပါက ပါတီရုံးသို့ လာရောက်စစ်ဆေးနိုင်ကြောင်း (SNLD)ပါတီက မီဒီယာများတွင် ဖြေကြားထားသည်။

“သူတို့ဥပဒေအရ ပြောနေတယ်ဆိုပေမယ့်လို့ အဲ့ဒီဥပဒေဟာ သူတို့အနေနဲ့ ကျင့်သုံးပိုင်ခွင့်ရှိလား မရှိလား၊ နောက် နိုင်ငံရေးအခြေနေနဲ့ ကိုက်ညီမှု ရှိလား မရှိလား အစရှိသဖြင့် ပြန်လည်သုံးသပ်ဖို့ လိုအပ်တယ်။ အဲ့ဒါတွေကို မသုံးသပ်ပဲနဲ့ လုပ်ပိုင်ခွင့်ရှိတာမို့လို လုပ်လိုက်တာပဲဆိုလို့ရှိရင် ဒါဘယ်ဘက်အတွက်မှမကောင်းဘူးဆိုတာ ဒီလောက်ပဲ ဖြည့်ပြောချင်ပါတယ်” ဟု စိုင်းလိတ် က ထပ်လောင်းပြောသည်။

စစ်ကောင်စီ ပြန်လည်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများသည် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေ နှင့် ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းတို့ကို ကော်မရှင်ရုံးတွင် လာရောက်စစ်ဆေးမှု ခံယူရမည်ဟု ဖေဖော်ဂါရီလ က ထုတ်ပြန်ခဲ့သည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ပါတီသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲအများဆုံး အနိုင်ရရှိထားသည့် ပါတီကြီးတစ်ခုဖြစ်ပြီး စစ်ကောင်စီ လက်အောက်ကျင်းပမည့် ရွေးကောက်ပွဲတွင် SNLD ပါတီ ဝင်ရောက်မယှဥ်ပြိုင်နိုင်ရန် ကြိုတင်တားဆီးနေသည့်သဘောဖြစ်ကြောင်း သျှမ်းလူထုများက ပြောသည်။

https://burmese.shannews.org/archives/27497

-----------------------------------------------------------------------------------------------------